**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၅)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
၂၀၂၆ ခုနှစ်၊ မေ ၃ ရက်၊ တနင်္ဂနွေနေ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး

## လမ်းမကြီးများတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စနစ်တကျတွက်ချက်ပြီး ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရပ်ကွက်များအတွင်း၌လည်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးထိန်လင်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်၊ ဘုရင့်နောင်ပန်းခြံသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်အတွင်း ရေဝတီလမ်းတစ်လျှောက် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေး

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ဆောင်းပါး**

**လူငယ်ရင်သွေး သက်မွေးပညာ သင်ယူရေး** စာ - ၁၃ သို့

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးမြောက်** စာ - ၅ သို့

**ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ၁၁၀၀၀ ကျော် ခူးဆွတ်ပြီးစီး** စာ - ၃ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၃ ရက်)

# စည်းလုံးညီညာအောင်ကြောင်းဖြာ တို့မြန်မာပြည်သာယာ

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာကြည့်လျှင် ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ တောင်ငူခေတ်တွင်ဒုတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်းတည်ထောင်နိုင်ခဲ့ခြင်းမှာ စည်းလုံးညီညွတ်ခြင်း၏ ကောင်းမွန်သောပြယုဂ်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံ့အတွက် ခေါင်းဆောင်ကောင်းများပေါ်ထွန်းလာခြင်း၊ အဆိုပါခေါင်းဆောင်ကောင်းများ၏ ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်သောအင်အားဖြင့် လိုက်ပါဆောင်ရွက်ခြင်းတို့ကြောင့် စည်းလုံးညီညွတ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ညီညွတ်ခြင်းမှန်သမျှသည် အင်အားကိုဖြစ်စေသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွနေထိုင်လာခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းပြည်တစ်ပြည်ဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရပ်တည်ရှင်သန်နိုင်ရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် မိမိနိုင်ငံကိုတည်ဆောက်မြှင့်တင်နိုင်ရန်၊ ခုခံကာကွယ်နိုင်ရန် မိမိတို့၏စွမ်းရည်စွမ်းပကားများကို အစဉ်မြှင့်တင်နေရမည်ဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့အချိန်ကာလအထိ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ကောင်းကျိုးကိုရှေးရှုသယ်ပိုးလျက်ရှိပြီး ဆိုးကျိုးဘေးအန္တရာယ်များကို ကာကွယ်ပေးလျက်ရှိသည်။ နိုင်ငံတော်တွင်ပေါ်ပေါက်ခဲ့သောအခြေအနေများကြောင့် တပ်မတော်သည် နိုင်ငံတော်တွင် အရေးပေါ်ကာလနှင့်ကြုံလေတိုင်း နိုင်ငံတော်ကိုဦးဆောင်ခဲ့ရသည်။ ဦးဆောင်ခဲ့ရသည့်အခါတိုင်းမှာ နိုင်ငံတော်အတွက် အကောင်းဆုံးသောရလဒ်ကောင်းများပေါ်ထွက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ တပ်မတော်၏ အမျိုးသားနိုင်ငံရေးမှန်ကန်မှုကြောင့်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးဆိုသည်မှာ ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါး၏အနှစ်သာရကို လေ့လာကြည့်မည်ဆိုပါက စည်းလုံးညီညွတ်ခြင်းဖြင့် နိုင်ငံတည်ဆောက်ခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ခွန်အားပြည့်ဝခြင်းအဓိပ္ပာယ်ကိုဖော်ဆောင်သည်။ အဆိုပါအရေးနှစ်ခုပြိုကွဲပါက နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမှာလည်း ဆုံးရှုံးသွားမည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးစကားဝိုင်းသို့ဖိတ်ခေါ်လျက်ရှိသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိရာတွင် လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်အစိုးရကိုပုန်ကန်နေခြင်းမှာ ပြည်သူများအမြင်တွင် ထိုသူတို့သည် ရက်ဖွယ်ကောင်းသော အပြုအမူကိုလုပ်ဆောင်နေခြင်းဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်း၍ရနိုင်သည့်အခြေအနေမျိုးတွင် လက်နက်ကိုင်ဆောင်ကာ အကြမ်းဖက်နေခြင်းမှာ ကြည့်၍ မြင်၍ ကြား၍ မကောင်းသောအနေအထားဖြစ်သည်။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ခြင်းဖြင့် စည်းလုံးညီညွတ်သောနိုင်ငံတော်ကို ဂုဏ်ယူဖွယ်တည်ဆောက်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမျိုးသားအဆင့်အားလုံးပါဝင်သည့် အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ငြိမ်းချမ်းရေးစကားဝိုင်း၊ ငြိမ်းချမ်းရေးကိုအထောက်အကူပြုသည့် နည်းဗျူဟာများဖော်ထုတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့် လူငယ်များ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် စိတ်ပါဝင်စားမှုရှိလာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်များကိုလည်း ကျင်းပပေးခဲ့သည်။ အဆိုပါဖိုရမ်များမှရရှိသည့်ဆွေးနွေးချက်များသည် ငြိမ်းချမ်းရေးနှင့်အခြေခံဥပဒေပြင်ဆင်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ယနေ့အချိန်အခါကာလတွင် ပြည်သူများတစ်ခဲနက်အားပေးရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့်ပြည်သူများအတွက် ခေါင်းဆောင်ကောင်းများကို ရွေးချယ်ပေးလိုက်ပြီဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်သာယာအောင် ဦးဆောင်မှုပြုကြတော့မည်ဖြစ်သည်။ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကလည်း ယင်းတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြမည်ဖြစ်သည်။ စုပေါင်းညီညာစွာဖြင့် ကျရာကဏ္ဍများတွင် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏အနာဂတ်မှာ ကောင်းကျိုးများပိုမိုတိုးပွားမည်သာဖြစ်သည်။ ထိုသို့ဦးဆောင်မှုပြုရာတွင် စည်းလုံးညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း အောင်မြင်မှုအခြေခံအုတ်မြစ်၊ တည်ငြိမ်အေးချမ်းမှု၏အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ကြရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ဘားအံ မေ ၂

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့လိုက်ကျေးရွာအုပ်စု ကော့မတလိန်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေလ ၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့်လိုက်နာရမည့် မူဘောင်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်တင်ဇာလီထွန်းက စီမံကိန်းလက်စွဲပါကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးသည်။

ကော့မတလိန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဦးစားပေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လူ

# ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာရေကော်မတီဖွဲ့စည်း

လင်းခေး မေ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် နမ့်ဆိုင်းကျေးရွာ၌ ရက် ၁၀၀ အတွင်း ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျေးရွာရေကော်မတီဖွဲ့စည်းခြင်းကို မေလ ၂ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ရက် ၁၀၀ စီမံချက်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ကျေးရွာရေကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ရေရရှိရေးလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာရေကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးသည်။

နမ့်ဆိုင်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ၁ မိုင် ၃ ဖာလုံရှိသည့် ရွာတွင်းဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ဌာနမှတာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများသည် ကျေးရွာရေကော်မတီဝင်များနှင့်အတူ နမ့်ဆိုင်းကျေးရွာ ရွာတွင်း ဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မည့် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုကာ လုပ်ငန်းတည်နေရာများကို သတ်မှတ်ကြောင်း သိရသည်။

အေးသူ

## MWD Variety Channel

၃-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၅-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ၁၁၀၀၀ ကျော် ခူးဆွတ်ပြီးစီး



ဝါးခယ်မ မေ ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ၁၁၀၀၀ ကျော် ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၄၃၄၃၄ ဧကအထိစိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သောပဲတီစိမ်းများကို ယခုနှစ် ဖေဖော်ဝါရီလတတိယပတ်က စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ၁၁၁၄၂ ဧက ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၁၈ ဒသမ ၇၁ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဆောင်းသီးနှံပဲတီစိမ်း ၄၃၄၃၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေကို ခူးဆွတ်နေတာ အခုဆိုရင် ၁၁၁၄၂ ဧက ခူးဆွတ်ပြီးစီးပြီဖြစ်ပါတယ်။ ခူးဆွတ်ပြီးဖြစ်တဲ့ ပဲတီစိမ်းတွေမှာလည်း ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ဆောင်းသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မျိုးစေ့နဲ့နည်းပညာတွေအပြင် တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီအတွင်း ပဲမျိုးစုံအပါအဝင် တခြားဆောင်းသီးနှံအားလုံးစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရန်၊ သဘာဝဘေးနှင့် တခြားအကြောင်းအရာများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# ခရမ်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရမ်းမြို့နယ် ဦးစီးမှူးရုံးမှ ရပ်ကွက်/ကျေးရွာအုပ်စုများ၌ အသက် ၁၀ နှစ်မှ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်ကိုင်ဆောင်ပြီး UID (Unique Identification Number) မကောက်ယူရသေးသည့် ပြည်သူများအား မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၆)ရပ်ကွက်အတွင်း နေထိုင်သူပြည်သူများအား မေလ ၁ ရက်က နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးလျှံမြတ် ဦးဆောင်သောအဖွဲ့က ရက် ၁၀၀ စီမံချက်ဖြင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၄၃ ခုနှင့် UID ကတ် ၅၁ ခုကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်နှင်းဝေ**

# မိုးညှင်းမြို့နယ် သာယာကုန်းခေတ်မီစံပြကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ



မိုးညှင်း မေ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို သာယာကုန်းခေတ်မီစံပြကျေးရွာရှိအောင်စည်သာယာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းကို မေလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ပုသိမ်မြို့နယ် သူတော်ကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

ပုသိမ် မေ ၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို မေလ ၁ ရက်က ကမ်းနီကျေးရွာအုပ်စု သူတော်ကုန်းကျေးရွာ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်က သင်တန်းသားများ အနေဖြင့် မော်တော်ဆိုင်ကယ်ပြုပြင်နည်းအတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ အသီးသီးလွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ ပုသိမ်မြို့နယ်အတွင်းရှိ သူတော်ကုန်းကျေးရွာ၊ ကမ်းနီကျေးရွာ၊ လှည်းကျော်ကုန်းကျေးရွာ၊ တွန်ပလွန်ကျေးရွာ၊ ဝန်သေကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ ကြာကန်ထောင့်ကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာနှင့် အိမ်ချောင်းလေးကျေးရွာတို့မှ သင်တန်းသား ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာနှစ်ဦးက မေလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

မြဝတီ ကာတွန်း



# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ခရီးစ၍ထွက်ရသောနေ့၌ ကျွန်ုပ်အလွန်ပျော်ခဲ့၏။ "ဘိုးဘိုးဆီကို သွားတော့မယ်။ ဘိုးဘိုးဆီကို သွားတော့မယ်"ဟု သဘင်သည်၏သားပီပီ သီချင်းကလေးလုပ်၍ပင် ဆိုမိပေသည်။ မကြာမီပင် ကျွန်ုပ်တို့သားအမိသည် ခေါ်ဆောင်လာသူ အဒေါ်ကြီးနှင့်အတူ ဘိုးဘိုးရှိရာမြို့သို့ ရောက်ခဲ့ကြ၏။ ရောက်၍ အဒေါ်ကြီးအိမ်ကို တက်မိကြသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်က "ဘိုးဘိုး ဘယ်မှာလဲ ...၊ ဘိုးဘိုး ဘယ်မှာလဲ" ပူပူဆာဆာမေး၏။ အားလုံးကပင် ကြင်နာစွာ ပြုံးကြလေသည်။ ထို့နောက် ကျွန်ုပ်၏မိခင်က "တွေ့ရမှာပေါ့သားရယ် ...၊ မင်းဘိုးဘိုးနဲ့တွေ့ရတော့မှာပါပဲကွယ်"ဟု နှစ်သိမ့်စကားပြောရှာ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ အဒေါ်ကြီးသည် ကျွန်ုပ်၏အဘိုး ဦးနကီအား နေ့လယ်ပိုင်း၌ သွား၍ ဖိတ်ခေါ်ယူခဲ့၏။ အဒေါ်ကြီးအိမ်သို့ ကျွန်ုပ်၏အဘိုး ရောက်လာသောအခါ ကျွန်ုပ်နှင့်ကျွန်ုပ်၏ မိခင်တို့မှာ အိမ်တွင်း၌ နေကြရပေသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ကျွန်ုပ်၏အဘိုးနှင့်အဒေါ်ကြီးတို့ စကားလက်ဆုံကျချိန်လောက်တွင် အဒေါ်ကြီးက "လူကလေးရေ ... လာပါဦးဟေ့"ဟု အသံပေးလိုက်၏။ ကျွန်ုပ်မှာလည်း မိခင်၏ကြိုတင်သွန်သင်ထားချက်အတိုင်း အတွင်းခန်းမှ ဧည့်ခန်းသို့ ထွက်ခဲ့ရပေသည်။ ဧည့်ခန်းထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏အဘိုးသည် ကျွန်ုပ်အား စေ့စေ့စပ်စပ်ကြည့်နေသည့်အတွက် မြေး အဘိုးတို့ လက်ဦးဆုံးအကြိမ် မျက်နှာချင်းဆိုင်မိကြလေတော့သည်။

ကျွန်ုပ်လည်း အဘိုးဖြစ်သူကို ကြည့်ရင်း အကဲခတ်နေမိ၏။

ကျွန်ုပ်၏အဘိုး ဦးနကီကား သျှောင်ထုံးထုံး၍ ပန်းရောင်ခေါင်းပေါင်းကို စောင်း၍ ပေါင်းရစ်ထားပေသည်။ ကိုယ်ဟန်မှာ ပိန်ပိန်ပါးပါးအရပ်ရှည်၏။ အသားလတ်သည်။ နှာခေါင်းလုံးသည်။ ကျွန်ုပ်ကိုမြင်သည်နှင့်တစ်ပြိုင်နက် အဘိုးသည် အဒေါ်ကြီးဘက်သို့လှည့်ကာ "ဘယ်ကကလေးလဲဗျ၊ အရပ်ထဲမှာ မမြင်ဖူးပါကလား"ဟုမေး၏။ ဤအခါတွင် ကျွန်ုပ်သည် လူကြီးများသင်၍ထားသည့်အတိုင်း 'ဘိုးဘိုး'ဟုခေါ်ရင်း ကျွန်ုပ်၏ အဘိုးအနီးသို့ကပ်သွား၏။ ကျွန်ုပ်၏အဘိုးလည်း ကျွန်ုပ်အားလှမ်း၍ ပွေ့ယူရင်း "တော်တော်ထွားတဲ့ကလေးပဲနော် .. နှုတ်ကလည်း သွက်ပါဘိသနဲ့ ဘယ်သူ့ကလေးတုံး"ဟု ထပ်၍ မေးပြန်လေသည်။ ထိုအခါတွင် အဒေါ်ကြီးကပြုံး၍ "သေသေချာချာ ကြည့်စမ်းပါဦး ဦးနကီရဲ့၊ ဘယ်သူ့ကလေး ထင်သလဲ"ဟု ပြောလိုက်ရာ ကျွန်ုပ်၏ အဘိုးသည် ကျွန်ုပ်အား စေ့စေ့ကြည့်ပြီးနောက် "ဟင့်အင်း ... ကျုပ် ဒီကလေးကို အရပ်ထဲမှာ မမြင်မိပါဘူးဗျာ" ဟု ထပ်၍ ပြောလေသည်။ သို့ပြောလိုက်သည်၌ အဒေါ်ကြီးက "ဦးနကီ ရုပ်ကို မဖမ်းမိရင် သာရှိမယ်၊ ဒီကလေးဟာ ဦးနကီရဲ့မြေးဦး ယောကျ်ားလေးလေ၊ မစောလှလည်း ဒီအိမ်မှာ အခုရောက်နေတယ်" ဟု ပြောလိုက်၏။ ချက်ချင်းပင် ကျွန်ုပ်အား သူ့ပေါင်ပေါ်မှ တွန်းဖယ်၍ချလိုက်၏။ ချက်ချင်းပင် ထိုင်ရာမှ ဖြုန်းခနဲထလိုက်၏။ ချက်ချင်းပင် 'ထွီ' ခနဲ ထွေးခံထဲသို့ တံတွေးထွေးလိုက်ပြီးနောက် တုန်ယင်သောဒေါသဖြင့် ခြေလှမ်းပြင်တော့၏။

ဤတွင် ကျွန်ုပ်မှာ ကြမ်းပြင်ပေါ်၌ တစောင်းကလေးလဲလျက် ငိုယိုနေမိပေသည်။ ဤအခိုက်တွင်ပင် ကျွန်ုပ်၏မိခင်သည် အိမ်တွင်းခန်းမှ ပြေးထွက်လာကာ "ရက်စက်လှချည်လား ဖေဖေရယ် ...၊ ရက်စက်နိုင်ပါပေ့ ဖေဖေရဲ့"ဟု ငိုယိုရင်း အဘိုး၏ခြေသလုံးကို ကျုံး၍ဖက်ရှာလေတော့သည်။

ကျွန်ုပ်၏အဘိုးကား နတ်ကျသကဲ့သို့ တစ်ကိုယ်လုံး တုန်လျက်နေရင်း "ဖယ် ... ဖယ် ... ငါ့မထိနဲ့" ဟု ဒေါသကြီးစွာ ပြောရင်း သူ့ခြေထောက်ကို ဆောင့်၍ ရုန်း၏။ သို့သော် ကျွန်ုပ်၏မိခင်သည် မျက်ရည်တပေါက်ပေါက် ကျဆင်းရာက အဘိုး၏ခြေသလုံးကိုသိမ်း၍သာ ဖက်ရာရင်း "ဒါလောက် မရက်စက်ပါနဲ့ ဖေဖေရယ် ... ကိုယ့်သွေးအရင်းပါ ဖေဖေရယ်" ဟု ပြောငို ငိုရှာလေသည်။ အဘိုး၏ ခြေဖမိုးကို နဖူးတင်ကာ ဆံပင်နှင့်ပွတ်ရင်း ရှိုက်ငင်နေရှာသည်။ အဘိုးသည် ခေတ္တမျှတွေ၍နေ၏။ ပြီးသောအခါ ကျွန်ုပ်မိခင်၏ဆံပင်ဆွဲ၍ မျက်နှာကိုမော်စေပြီးလျှင် မိခင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် တင်းမာသော မျက်နှာထား၊ ခက်ထန်သောအသံကြီးဖြင့် "ဟေ့ ... သူငယ်မရဲ့၊ မင်းက ငါ့ကို အဖေ အဖေနဲ့ခေါ်တာဟာ လူမှားနေပြီထင်တယ်ကွဲ့၊ မင်းအဖေဟာ ငါမဟုတ်ဘူး" ဟု ခါးခါးသီးသီးပြောကာ ခြေထောက်ကို ရုပ်သိမ်း၍ ဖိနပ်ချွတ်ရှိ ဖိနပ်ကိုပင်မစီးတော့ဘဲ အိမ်ပေါ်မှ အပြေးအလွှားဆင်းသွားလေတော့သည်။ ကျွန်ုပ်၏မိခင်သည် ကြမ်းပေါ်၌ မှောက်လျက်သား ငိုယို၍ ကျန်ရစ်၏။ ထို့နောက် ကုန်း၍ထကာ ဆံပင်ဖိုးရိုးဖားရားဖြင့် ကျွန်ုပ်အားပြေး၍ ပွေ့ယူရင်း "ကံဆိုးလှချည့်သားရယ်၊ တို့သားအမိ ကံဆိုးလှချည်ရဲ့ကွဲ့" ဟု မချိတင်ကဲ ငိုရှာလေတော့သည်။ ကျွန်ုပ်လည်း မိခင်နှင့်ရော၍ငိုမိ၏။

ဤအဖြစ်အပျက်သည် ကျွန်ုပ်၏ အသက်ဝိညာဉ်ကို ဓားနှင့်ထစ်၍ မှတ်သားထားသကဲ့သို့ စွဲမြဲနေသည်မှာ မည်သည့်အခါမျှ မေ့ပျောက်နိုင်လိမ့်မည်မဟုတ်ပေ။ ထိုအဖြစ်အပျက်သည် ကျွန်ုပ်အား ကျွန်ုပ်၏အဘိုးကို မုန်းတီးစေရန် ဖန်တီးခဲ့၏။ အဘိုးနှင့်မတွေ့ရခင်က အဘိုးနှင့် တွေ့လျှင် အလွန်ပျော်စရာကောင်းပေလိမ့်မည်ဟု မိုးမမြင်လေမမြင် အတွေးဖြင့် ကြည်ရွှင်ခဲ့သော ကျွန်ုပ်၏ကလေးအရွယ် နုနယ်လှသော စိတ်ကလေးမှာ အဘိုးနှင့် တွေ့လိုက်ရသောအခါတွင် တစ်ခါတည်း ထက်ပိုင်းကျိုး၍ မိုးကြိုးစက်ကွင်း ထိခြင်းခံလိုက်ရဘိသကဲ့သို့ အညိုအမည်းကြီး ဖျက်မရအောင် စွန်းကွက်၍ ထင်ကျန်ရစ်ပေသည်။ အဘိုးအား အိပ်မက်မက်၍ ချစ်ခင်တွယ်တာခဲ့သော စိတ်မှာလည်း အဘိုးအား ကြောက်ရွံ့ရွံ့ရှာ မုန်းတီးသော စိတ်အဖြစ်သို့ တစ်ခါတည်း ပြောင်းလဲ သွားခဲ့လေတော့သည်။

> **"အဘိုးနှင့်မတွေ့ရခင်က အဘိုးနှင့်တွေ့လျှင် အလွန်ပျော်စရာကောင်းပေလိမ့်မည်ဟု မိုးမမြင်လေမမြင်အတွေးဖြင့် ကြည်ရွှင်ခဲ့သော ကျွန်ုပ်၏ကလေးအရွယ် နုနယ်လှသောစိတ်ကလေးမှာ အဘိုးနှင့်တွေ့လိုက်ရသောအခါတွင် တစ်ခါတည်းထက်ပိုင်းကျိုး၍ မိုးကြိုးစက်ကွင်း ထိခြင်းခံလိုက်ရဘိသကဲ့သို့ အညိုအမည်းကြီး ဖျက်မရအောင် စွန်းကွက်၍ ထင်ကျန်ရစ်ပေသည်။ အဘိုးအား အိပ်မက်မက်၍ ချစ်ခင်တွယ်တာခဲ့သောစိတ်မှာလည်း အဘိုးအား ကြောက်ရွံ့ရွံ့ရှာ မုန်းတီးသောစိတ်အဖြစ်သို့ တစ်ခါတည်းပြောင်းလဲ သွားခဲ့လေတော့သည်..."**

ကျွန်ုပ်၏စိတ်ကို အထူးထိခိုက်စေခဲ့သော ဒုတိယအဖြစ်အပျက်မှာကား အဘိုး၏ရပ်ရွာမှ သားအမိနှစ်ယောက်တို့ ပြန်လာခဲ့ကြသောအခါတွင် ဖြစ်ပျက်ခဲ့၏။

ကျွန်ုပ်၏မိခင်သည် အဘိုးထံမှ တပ်လန်ကာ ခင်ပွန်းသဘင်သည်ရှိရာအရပ်သို့ ကျွန်ုပ်အား ရင်ခွင်တွင်ပိုက်ကာ ငိုရှိုက်၍ ပြန်လာခဲ့ရသောအခါ၌ ပြန်အရောက်တွင် စိတ်မချမ်းသာစရာကိစ္စတစ်ခုကို ကြုံရပြန်လေသည်။ ကြုံရပုံမှာကား ကျွန်ုပ်၏ဖခင်သည် သဘင်သမားပီပီ စိတ်ပေါ့တန်သူဖြစ်ရာ ကျွန်ုပ်၏မိခင် တနင်္သာရီဘက်သွားနေခိုက်တွင် ဇာတ်ထဲ၌ပါသော ယိမ်းသမတစ်ဦးနှင့် ဖောက်လွဲဖောက်ပြန်ဖြစ်သည့်ကိစ္စပင်ဖြစ်၏။ သို့သော် အထင်အရှားကား မဟုတ်ပေ။ သို့တိုင်အောင် ထူးခြားချက်တစ်ချက်မှာကား ကျွန်ုပ်၏ဖခင်သည် ယခင်ကဆိုလျှင် ကျွန်ုပ်တို့သားအမိကို သူ့ဇာတ်ကသွားလေရာသို့ တကောက်ကောက် အပါခေါ်လေ့ရှိပေသည်။ တနင်္သာရီဘက်မှ ကျွန်ုပ်တို့ပြန်ရောက်လာသောအခါတွင်မူ ဖခင်သည် ကျွန်ုပ်တို့သားအမိအား မြို့စွန်၌ အိမ်ကလေးတစ်လုံးကို ငှားပေးထားပြီးလျှင် ဇာတ်ကရာသို့ မလိုက်စေတော့ဘဲ ဇာတ်ထွက်ရာမှနေ၍ ငွေကလေးကြေးကလေး ပို့ခြင်းပင်ဖြစ်၏။ ဖခင်ဖြစ်သူသည် ယိမ်းသမနှင့် အနေချောင်စေရန် ဤသို့စီမံလိုက်သည်ကို ကျွန်ုပ်၏မိခင် မသိမဟုတ်ပေ၊ သိရှာ၏။ သို့သော် အဘိုးဦးနကီ၏ ရက်စက်စွာ စွန့်ပစ်ခြင်းခံရသောဘဝသို့ ရောက်ရသောအခါတွင် မည်သည့်အဖြစ်ကမှ ဤအဖြစ်ထက် ပို၍ဆိုးတော့မည် မဟုတ်ဟူသော စိတ်နှလုံး ချုံးချုံးကျသည့် သဘောဖြင့် ကံစီမံရာကို ခါးစည်း၍ ခံရှာလေတော့ရာ ကျွန်ုပ်တို့သားအမိမှာ မြို့စွန်ရှိ တဲပုတ်သာသာ အိမ်ကလေး၌ ခပ်ကုပ်ကုပ်ပင် ဇာတ်မြှုပ်၍ နေထိုင်ကြရပြန်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မှော်ဘီမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှကော်မတီဝင်များအား AVIP သင်တန်းဖွင့်လှစ်



ရန်ကုန် မေ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ ကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းကို မေလ ၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ ကော်မတီဝင် ၁၀ ဦးအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဆိုင်ရာ သင်ခန်းစာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **မေစံပယ်စိုးမိုး**

## ကျိုက်ထိုမြို့နယ်၌ ဗုဒ္ဓပူဇနိယအဘိဓမ္မာ (၇) ကျမ်း မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

ကျိုက်ထို မေ ၂

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ရွှေဘုံသာဘုရားဝင်းရှိ သာသနာ့ဗိမာန်၌ ပဉ္စမအကြိမ်မြောက် ဆုတောင်းပြည့်ရွှေဘုံသာဘုရား ဗုဒ္ဓပူဇနိယအဘိဓမ္မာ(၇)ကျမ်း မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို မေ ၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ကံကြီးဝိုင်ကျောင်းဆရာတော်ထံမှ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မဟာပဋ္ဌာန်းပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များက နဝကမ္မလှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ဗုဒ္ဓပူဇနိယအဘိဓမ္မာ (၇) ကျမ်းရွတ်ဖတ်ပူဇော်ရာတွင် ဩဝါဒါစရိယဆရာတော် ၁၇ ပါး၊ ကြီးကြပ်ဆရာတော် လေးပါးနှင့် ရွတ်ဖတ်သံဃာအပါး ၃၀ တို့အား လှူဖွယ်ပစ္စည်းများလောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးမြောက်



ရန်ကုန် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆဋ္ဌသင်္ဂါယနာတင်မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့်နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယက သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် တိပိဋကရေတိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရတို့က အဘိဓမ္မာပိဋကတ် သင်္ဂါယနာအမေးအဖြေပြုလုပ်၍ သံဃာတော် ၁၅ ပါးတို့က စုပေါင်းသံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ တိပိဋကရေတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသက ဩဝါဒကထာမိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိကဗဟုဇနဟိတဓရဒေါက်တာဘဒ္ဒန္တဆေကိန္ဒကမေလ ၁ ရက် ဆဋ္ဌသင်္ဂါယနာတင်စာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းငါးစောင်အပေါ် စိစစ်သုံးသပ်လျှောက်ထားသည်။

ဆက်လက်၍ သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင်ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား အမှတ်တရဂုဏ်ပြုမှတ်တမ်းလွှာများ၊ လှူဖွယ်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားပြီးစီးအောင်မြင်မှုအတွက် ကျေးဇူးတင်စကားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ထောမနာနှင့်ကြေညာစာတမ်းကို မိန့်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာဘဒ္ဒန္တဉာဏိဿရက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားဆိုင်ရာ ဩဝါဒများကို မိန့်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ထေရ်ရှင်ဆရာတော်ကြီးများက ဩဝါဒကထာများမိန့်ကြားခြင်း၊ သုံးရက်တိုင်တိုင် ဆဋ္ဌသင်္ဂါယနာတင်မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာသင်္ဂါယနာ အမေးအဖြေပြုလုပ်ခြင်း၊ ပြည်တွင်းမှ စာသင်တိုက်ကြီးများ၊ ဗုဒ္ဓတက္ကသိုလ်များ၊ ပြည်ပနိုင်ငံအသီးသီးတို့မှ သဝဏ်လွှာများဖတ်ကြားခြင်းနှင့် သင်္ဂါယနာတင်နှင့်ထေရဝါဒဗုဒ္ဓသာသနာတော်ဆိုင်ရာ စာတမ်းများဖတ်ကြားခြင်းတို့ဖြင့်အောင်မြင်စွာပြီးမြောက်ကြောင်း ဩဝါဒကထာ မိန့်ကြားပြီး ရေစက်ချတရားချီးမြှင့်တော်မူသည်။

သင်္ဂါယနာကို သာသနာသက္ကရာဇ် (၁)ခုနှစ်တွင် ပထမအကြိမ်၊ သာသနာသက္ကရာဇ်(၁၀၀)ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် တတိယအကြိမ်၊ သာသနာသက္ကရာဇ်(၄၅၀)ပြည့်နှစ်တွင် စတုတ္ထအကြိမ်၊ သာသနာသက္ကရာဇ်(၂၄၁၅)ခုတွင် ပဉ္စမအကြိမ်၊ သာသနာသက္ကရာဇ်(၂၄၉၈)ခုတွင် ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ခဲ့ပြီး ယခုအခါနှစ်(၇၀)ပြည့်သည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနားကို ဧပြီလ ၃၀ ရက်မှစ၍ မေလ ၂ ရက်အထိ သုံးရက်တိုင်တိုင် သာသနာတော်သန့်ရှင်း၊ တည်တံ့ပြန့်ပွားစေရေးအတွက် အားထုတ်ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး သက်တော်ရှည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပိဋကတ်တော်ဆောင်ဆရာတော်ကြီးများ၊ ပိဋကတ်အကျော်အမော်ဆရာတော်ကြီးများ၊ ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင်ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထေရဝါဒငါးနိုင်ငံမှ သံဃာတော်များ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံအပါဝင် နိုင်ငံပေါင်း(၁၄)နိုင်ငံတို့မှ သံဃာ့ရာဇာဆရာတော်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အခမ်းအနားသို့ ကြွရောက်လာကြသော ဆရာတော်ကြီးများနှင့် ပြည်ပနိုင်ငံများမှ ဆရာတော်များအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ဖူးမြော်



ရန်ကုန် မေ ၂

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel သို့ ရောက်ရှိကာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လျက်ရှိသည့် ဆရာတော်ကြီးများနှင့် ပြည်ပနိုင်ငံ(၁၄)နိုင်ငံမှ ဆရာတော်အရှင်သူမြတ်များအားဖူးမြော်၍ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယအဓိပတိ သောဌသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာအရှင်ဉာဏိဿရသီတဂူဆရာတော်ကြီးအားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံ(၁၄)နိုင်ငံမှ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လျက်ရှိသည့် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာ၊ နီပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အမေရိကန်၊ မက္ကဆီကို၊ ကိုရီးယား၊ ဘူတန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ဆရာတော်ကြီးများအားဖူးမြော်ကြည်ညိုပြီး ယခုကဲ့သို့ ထေရဝါဒနိုင်ငံများနှင့် အခြားသောပြည်ပနိုင်ငံများမှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား တစုတဝေးတည်းဖူးမြော်တွေ့ဆုံခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ယခုအခမ်းအနားကြီးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခမ်းအနားကိုတက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်းလျှောက်ထားသည်။

ယင်းနောက် သီရိလင်္ကာနိုင်ငံ သျှာမနိကာယ ကောတေချပ်ပတာ အနုနာယကဖြစ်သူ The Most Ven. Prof Kotapitiye Rahula Anunayake Thero၊ ကမ္ဘောဒီးယားနိုင်ငံမှ သံဃာ့ရာဇာဆရာတော်ကြီးကိုယ်စား တက်ရောက်လာသည့် Dr. Yon Seng Yeath၊ ဩစတြေးလျနိုင်ငံမှ ဆရာတော် Thich Quang Ba၊ အမေရိကန်ပြည်ထောင်စုမှ ဆရာတော် John David Dinsmore (အရှင်စိန္တိတ)၊ မက္ကဆီကိုနိုင်ငံမှ ဆရာတော် Angel Oscar Valentinuzzi (အရှင်နန္ဒိသေန)၊ နီပေါနိုင်ငံမှ ဆရာတော် Siddhartha Maharjan (အရှင်နိဂြောဓ)နှင့် ဆရာတော်ကြီးများက ကျေးဇူးတင်ဝမ်းမြောက်စကားများပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ပနိုင်ငံမှ ဆရာတော်ကြီးများအား လှူဖွယ်သင်္ကန်းနှင့် ပိဋကတ်ဘာသာပြန်ကျမ်းစာအုပ်များ၊ ဓမ္မစာအုပ်များနှင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အမှတ်တရပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ

**၂-၅-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၄˚c |
| ရန်ကုန် | ၂၅˚c | / | ၃၈˚c |
| မန္တလေး | ၂၄˚c | / | ၃၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ (၁၉)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပပြုလုပ်



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူတော်ငွေများဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် မေ ၂

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ (၁၉)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို မေလ ၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ ရန်အောင်မြင်ကျောင်းတိုက်၌ ပြုလုပ်ရာ ဇမ္ဗူအေးအေတီတပ်ဦးကျောင်းတိုက် ဆရာတော်နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဥတ္တမ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား လားရှိုးမြို့ရှိ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများနှင့် ရန်အောင်မြင် ရွှေဟောင်းဆုတောင်းပြည့်စေတီတို့၌ လှည့်လည်ကြပြီး ရန်အောင်မြင်ကျောင်းတိုက်၌ ရဟန်းလောင်း(၂၁)ပါးနှင့် ရှင်သာမဏေလောင်း (၂၆)ပါးတို့အား ဆံချမင်္ဂလာပြုလုပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ရန်အောင်မြင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများအား သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ရန်အောင်မြင်ကျောင်းတိုက်၌ ဒုလ္လဘရဟန်းလောင်း (၂၁)ပါးတို့အား ရဟန်းခံခြင်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ သံဃာကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါရွတ်ဖတ်ကာ ဥပသမ္ပဒကံဆောင်မြင့်မြတ်သောရဟန်းဘောင်အဖြစ်သို့သွတ်သွင်းခြင်းကို ဆောင်ရွက်တော်မူကြပြီး အလှူရှင်များက ပင့်သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား သိမ်ဆင်းဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် ဇမ္ဗူအေးအေတီတပ်ဦးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဇမ္ဗူအေးအေတီတပ်ဦးကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး မီးသတ်တပ်ဖွဲ့ဝင် သွေးအလှူရှင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် မေ ၂

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင် သွေးအလှူရှင်များအား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအမျိုးအစားခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ သွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ထို့နောက် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် မန္တလာရာမကျောင်းတိုက်ရှိဓမ္မာရုံ၌အခြေပြု၍ သံဃာတော် ၆၀ ပါး နှင့် ဒေသခံပြည်သူ ၁၄၉ ဦးတို့ကို




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မကွေးမြို့၌ အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

မကွေး မေ ၂

မကွေးတိုင်းဒေသကြီးအတွင်းရှိဒေသခံပြည်သူများ နိုင်ငံသားတစ်ဦး၏အခွင့်အရေးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်နိုင်စေရန် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက အစိုးရသစ်၏ရက် ၁၀၀ စီမံချက်ဖြင့် မကွေးမြို့ မြင်သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှတာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးနေမှု၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတိုင်းအတွက် အရေးကြီးပါကြောင်း၊ သတ်မှတ်ကာလအတွင်း ဒေသခံပြည်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများလက်ဝယ်ရရှိစေရေးအတွက် ဝန်ထမ်းများအနေဖြင့် စနစ်တကျ စိစစ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒေသခံပြည်သူများအား UID CARD နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ပေးအပ်ပြီး ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

ခရိုင် (ပြန်/ဆက်)

# ပင်လောင်းမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



**ပင်လောင်း မေ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပင်လောင်းကြီးကျေးရွာအုပ်စု နမ့်ပါကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှု အခြေအနေများကို မေလ ၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ပါကျေးရွာတွင် အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လုပ်ငန်းများအား ရက်ပေါင်း ၁၀၀ စီမံချက်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည့် နည်းပညာများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများအသုံးပြု၍ မြို့နယ်ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

## ဆိုလာရေတင် စီမံကိန်းသစ်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မင်းဘူး မေ ၂**

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အသစ်ထပ်မံဆောင်ရွက်နေသည့် ဆိုလာရေတင်စီမံကိန်းသစ်များ ဆောင်ရွက်နေမှုအခြေအနေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများက မေလ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်မည့် ပွင့်ဖြူမြို့နယ်ရှိ လှည်းကြီးရိုးမှ ဆိုလာစနစ်ဖြင့်ဆောင်ရွက်မည့် ကြေးချေ၊ ဆူးပန်း၊ သုံးထောင့်ဆိုလာရေတင်စီမံကိန်းသုံးခု၊ မင်းဘူး(စကု)မြို့နယ်ရှိပိုက်သင်ဆိုလာရေတင်စီမံကိန်း၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ လက်ပံ၊ လက်ပံငူဆိုလာရေတင်စီမံကိန်းနှင့်မကွေးမြို့နယ်ရှိပဌနဂိုရ်စသည့် ဆိုလာရေတင်စီမံကိန်းလုပ်ငန်းခွင်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လုပ်ငန်းများအားလုံး သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒေသတွင်းစိုက်ပျိုးရေရရှိရေး လိုအပ်ချက်တင်ပြမှုများအပေါ် ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## သောက်သုံးရေလိုအပ်ချက်ရှိသော ပြည်သူများအား သောက်သုံးရေလှူဒါန်း

**ပေါင် မေ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မေလ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သောက်သုံးရေ အခက်အခဲဖြစ်လျက်ရှိသည့် ပေါင်မြို့နယ် ဒရိန်းကျေးရွာအုပ်စု၊ ကျားဘိုကျေးရွာအုပ်စု၊ အလုပ်ကျေးရွာအုပ်စုများသို့ မေလ ၂ ရက်နံနက်ပိုင်းတွင် သောက်သုံးရေသွားရောက်လှူဒါန်းပေးကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေသွားရောက်လှူဒါန်းပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမြတ်ကိုကိုနှင့်သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်ငါးစီးတို့ဖြင့် စုစုပေါင်း ရေဂါလန် ၇၆၀၀ အားသယ်ဆောင်ကာ သောက်သုံးရေလိုအပ်လျက်ရှိသော နေအိမ်များသို့ အိမ်တိုင်ရာရောက် သောက်သုံးရေများ (အခမဲ့) လှူဒါန်းပေးသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလအတွင်း ရပ်ကွက်/ကျေးရွာများတွင် ရေပြတ်လပ်မှုမရှိစေရေးနှင့် ရေအခက်အခဲဖြစ်နေသည့် ပြည်သူများအား မြို့နယ်မီးသတ်စခန်းနှင့် နယ်မြေမီးသတ်စခန်းများမှသွားရောက်၍ ရေများအခမဲ့ဖြန့်ဝေလှူဒါန်းပေးလျက်ရှိပြီး မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်သည့် ပြည်သူများအား ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## ပန်းလက်ဆောင်

✤ ကျောင်းသွားတိုင်းလျှင်၊ ပန်းပန်ချင်၍
ပေါင်းသင်မြေနှူး၊ ကိုယ်တိုင်ပျိုးကာ
မြတ်နိုးယုယ၊ ဖွဲ့လုံ့လဖြင့်
ကျွန်မ ပန်းစိုက်ခဲ့သူပါ။

✤ ကျောင်းသို့ပန်းပန်၊ သွားသည်မှန်လည်း
ချိုသံသာသာ၊ ကြိုဆိုကာလျှင်
" ဆရာမ ခင်ဗျ"၊ " ဆရာမ ရှင့်"
ရော့-အင့် ပန်ပါ၊ ပန်းပေးလှာသော်
ယူကာဆင့်ထပ်၊ ပန်ဆင်တတ်သည်
ချစ်မြတ်နိုးဖွယ့် စေတနာ။
မငြင်းပယ်ခဲ့ တတ်သူပါ။

✤ ပန်းချစ်တတ်သူ၊ ယခုမူကား
ငယ်မူပြိုလွင့်၊ အရွယ်ရင့်ပြီ
ကျောင်းနှင့်အိမ်ကြား၊ လမ်းမအားလျှင်
ဝေဝါးအကြည့်၊ ငေးမြော်မိတိုင်း
နွမ်းရိဆေးမှုန်၊ ကျောင်းဝတ်စုံကို
တုန်ယင်စွာသိမ်း၊ အငြိမ်းစားရ
သည်ဘဝဝယ်
အိမ်မှ ကျောင်းသို့ မသွားသာ။
သို့သော်ငြားလည်း ခြံထဲမှာ
ပျိုးသည့်ပန်းများ ပွင့်မြဲပါ။

✤ ဩော်... ပန်းကိုပြုစု၊ မြတ်နိုးမှုဖြင့်
ပန်းဥယျာဉ်မှာ၊ တစ်ကိုယ်သာလျှင်
ဟိုခါတုန်းက၊ ဆရာမ၏
ငယ်ကတပည့်၊ ဘယ်ပုံရှိဟု
တွေးကြည့်မျှော်မှန်း၊ ရင်အလွမ်းကြောင့်
ပန်းမပန်သာ၊ ယခုခါဝယ်
မေတ္တာစိမ့်စမ်း၊ သွင်သွင်ဖျန်းရင်း
ပန်းကလေး လက်ဆောင် ပေးချင်သည်။
တပည့်တို့က ဝေးမြေဆီ။
သိချင်မှ သိပေလိမ့်မည်။ ။

**မြင်းမူမောင်နိုင်မိုး**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

**ဆရာကြီးခင်ဗျာ။ ကျွန်တော်အသက် ၆၀ ကျော်ပါပြီ။ တစ်ခါတစ်ရံမောပြီး အသက်ရှူမဝဖြစ်တတ်ပါတယ်။ နေ့စဉ် နံနက်စောစောကျန်းမာရေးအတွက် လမ်းလျှောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နေတဲ့ တိုက်ခန်းက သုံးထပ်အထိတက်ရတာကြောင့် လှေကားထစ်များများတက်ရင်မောပြီး ရင်ဘတ်အနည်းငယ်အောင့်ပါတယ်။ တချို့က နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရင် မောပြီး ရင်ဘတ်အောင့်တယ်ပြောလို့ ကြိုတင်ကာကွယ်နိုင်မယ့်နည်းလမ်းတွေရှိရင် သိလိုပါတယ်။**

နှလုံးသွေးကြောကျဉ်းရောဂါကိုကာကွယ်ဖို့ ချင်းစိမ်းရည်ဟင်းစားဇွန်းတစ်ဇွန်း၊ ပျားရည် ဟင်းစားဇွန်းတစ်ဇွန်းကိုရောစပ်ပြီး ထမင်းစားပြီးတိုင်းသောက်ပါ။ နနွင်းမှုန့်စစ်စစ်ကို ပျားရည်နဲ့နယ်၊ ရွှေးစေ့ခန့်လုံးပြီးနေလှန်းထားပါ။ နံနက်၊ ည သုံးလုံးစီ စားပေးပါ။ နေ့စဉ်ထမင်းစားတိုင်း ကြက်သွန်ဖြူငါးမြွှာလောက်စားပေးပါ။ ကြက်သွန်ဖြူကို ဥကြီးအခွံနွှာ၊ ပျားရည်စစ်စစ်နဲ့စိမ်ထားပြီး ညအိပ်ရာဝင်ခါနီး နှစ်မြွှာစားပေးပါ။ သံပရာသီး၊ သံပယိုသီးကို ထက်ခြမ်းခြမ်းအခွံပါ ရေနွေးမတ်ခွက်ထဲမှာ စိမ်ထားပြီးသောက်ပေးပါ။ ဆင်တုံးမနွယ်အမှုန့်၊ မြင်းခွာရွက်ခြောက်အမှုန့်၊ ကြက်သွန်ဖြူခြောက်သုံးမျိုးကို ဆတူရောစပ်ပြီး ပျားရည်နဲ့စိမ်ထားပါ။ ညအိပ်ရာဝင်တိုင်း ဟင်းစားဇွန်းတစ်ဇွန်းစားပေးပါ။ ဆီးဖြူသီးခြောက်အမှုန့်ထောင်းနှစ်ဆ၊ ငရုတ်ကောင်းမှုန့်တစ်ဆရောပြီး ပျားရည်နဲ့ ဖန်ပုလင်းမှာစိမ်ပြီး နေ့စဉ်နေရောင်ပြပေးပါ။ အဲဒီဆေးကို ဟင်းစားဇွန်းတစ်ဇွန်း ထမင်းစားပြီးတိုင်း သောက်ပါ။

**ဆရာကြီးရှင့်။ ကျွန်မသားလေး ပြီးခဲ့တဲ့လကဆိုင်ကယ်လဲပြီး ဦးခေါင်း၊ ရင်ဘတ်၊ တံတောင်ဆစ်တွေမှာ ဒဏ်ရာတွေရခဲ့ပါတယ်။ ဆေးကုသပြီးလို့ အနာသက်သာသွားပါပြီ။ ပွန်းပဲ့ရာတွေလည်းပျောက်ကင်းသွားပါပြီ။ ဒါပေမဲ့ ရင်ဘတ်နဲ့နံရိုးအတွင်းက အညိုအမည်းစွဲတာတွေမပျောက်ဘဲ အေးတဲ့အခါ ကိုက်ပါတယ်။ အသက်ရှူရင်လည်း အောင့်တယ်လို့ ပြောပါတယ်။ ဒဏ်ကျေစေဖို့ ဘယ်လိုပြုလုပ်ရမလဲ ဆိုတာပြောပြပေးပါဦး။**

အပြင်ဒဏ်၊ အတွင်းဒဏ်ကျေစေဖို့ အောက်ပါ ဒဏ်ကျေစေတဲ့နည်းတွေကို အသုံးပြုပါ။

**အပြင်ဒဏ်များကျေစေရန်**

-နနွင်းနဲ့ မိသလင်ကိုရောထုပ်ပြီး ဆေးစည်းပေးပါ။ ကြပ်ထုပ်ထိုးပေးပါ။

-နနွင်းနဲ့ ထုံးကိုရေဖျော်ပြီး လိမ်းပေးပါ။

-အုတ်နီခဲကိုမီးဖုတ်၊ ရေစိမ်ပြီး အငွေ့ကပ်ပေးရင် ဖူးရောင်တဲ့ဒဏ်ကျေစေပါတယ်။

-ဆားကိုအဝတ်နဲ့ထုပ်၊ ရေနွေးငွေ့ခံပြီး ကြပ်ထုပ်ထိုးပေးရင် ဖူးရောင်တာကိုသက်သာစေပါတယ်။

-ကွမ်းရွက်ကိုမီးကင်၊ နှမ်းဆီသုတ်ပြီး ရောင်နေတဲ့ နေရာမှာ ကပ်ပေးရင် ဒဏ်ကျေစေပါတယ်။

-ပရုတ်မြစ်၊ နလင်ကျော်ခေါက်တို့ကိုသွေးပြီး အရက်နဲ့လိမ်းပေးရင် အပြင်ဒဏ်ကျေစေပါတယ်။

-ကြက်သွန်နီဥကြီးကိုမီးအုံး၊ ဒဏ်ကြောင့်ရောင်တဲ့နေရာမှာအုံပြီး ခပ်နွေးနွေးစည်းပေးရင် ဒဏ်ကျေစေပါတယ်။

**အတွင်းဒဏ်များကျေစေရန်**

-ကြက်ခြေထောက်ကိုမီးဖုတ်၊ ခွေးတောက်ရွက်နဲ့ရောပြီး ဟင်းချိုချက်သောက်ရင် ထိုးအောင့်တဲ့ အတွင်းဒဏ်ကိုကျေစေပါတယ်။

-ကုန်းကန်စွန်းရိုးနီကိုထောင်းပြီး အရည်ညှစ်သောက်ရင် အသက်ရှူမရတဲ့ အတွင်းဒဏ်ကို သက်သာစေပါတယ်။

-ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ရင် နှစ်ကြာကဖြစ်ခဲ့တဲ့ အတွင်းဒဏ်ကို သက်သာစေပါတယ်။

- ဆေးခါးကြီးပင်ကို ထန်းလျက်နဲ့ကျိုသောက်ရင် ဒဏ်ကြောင့်ဖြစ်တဲ့ အကိုက်အခဲမှန်သမျှ ပျောက်ကင်းနိုင်ပါတယ်။

-ကြောင်လျှာပွင့်အခြောက်ကိုပြုတ်ပြီး အသုပ်ပြုလုပ်စားရင် ဒဏ်ကြောင့်ကိုက်ခဲတာ၊ ညအိပ်မပျော်တာကို သက်သာစေပါတယ်။

**ဆရာကြီးရှင့်။ သမီးမှာ လစဉ်ဓမ္မတာလာတဲ့အချိန်တိုင်း ကိုက်ခဲပြီး နေထိုင်မကောင်းအမြဲဖြစ်ပါတယ်။ လစဉ်ကိုက်ခဲခြင်းအတွက် သက်သာစေမယ့်ဆေးနည်း သိလိုပါတယ်ရှင့်။**

ဓမ္မတာလာချိန်ကိုက်ခဲခြင်းကို သက်သာစေဖို့ ဓမ္မတာမလာမီ နှစ်ရက်၊ သုံးရက်ကြိုတင်ပြီး ချင်းတက်နဲ့ ထန်းလျက်ပြုတ်ရည်ကို ဆားလှော်အနည်းငယ်ထည့်သောက်ပေးပါ။ ကော်ဖီတစ်ခွက်စာကို ရေချိုးပြီးချိန်မှာသောက်ပေးရင် ဓမ္မတာမှန်ပြီး ကိုက်ခဲတာ၊ ထိမ်ကျန်တာသက်သာစေပါတယ်။ ဇာတိပ္ဖိုလ်သီးကိုသွေးပြီး ချက်တိုင်ကနေ ဆီးစပ်တစ်ဝိုက်လိမ်းပေးပါ။ ကွမ်းရွက်ကို လေးညှင်းပွင့်အနည်းငယ်နဲ့ရောပြုတ်သောက်ရင် ဓမ္မတာလာချိန်ကိုက်ခဲခြင်းကို သက်သာစေပြီး သွေးသန့်စေပါတယ်။ ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုသောက်ရင် ဓမ္မတာများစေပြီး ကိုက်ခဲတာကိုသက်သာစေပါတယ်။

ဓမ္မတာသွေးချုပ်ရင်၊ သွေးရပ်သွားပြီး ကိုက်ခဲနေရင် အောက်ပါနည်းလမ်းတွေကိုအသုံးပြုပါ။

-ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူနိုင်နိုင်နဲ့ ဟင်းချိုချက်၊ ပတဲကောအမှုန့်အနည်းငယ်ခတ်ပြီး သောက်ပါ။

-ကြိတ်မှန်ရွက်၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ ဆားလှော်အနည်းငယ်ရောကျိုပြီး ဟင်းစားဇွန်း သုံးဇွန်း တစ်နေ့နှစ်ကြိမ်သောက်ပေးပါ။ ဓမ္မတာထိမ်တာ၊ ကျန်တာ၊ ရက်ကျော်တာတွေကို ပျောက်ကင်းစေနိုင်တယ်။

-သွေးဆုံးခါနီး နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ဓမ္မတာပျောက်ရင် သွေးသန့်စေဖို့ သွေးအလုံးအခဲမဖြစ်စေဖို့ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ရောခေါက်ပြီးစားပေးပါ။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က အအေးမိ၊ နှာစေး၊ ခေါင်းကိုက်၊ နှာရည်ယိုတာတွေ မကြာခဏဖြစ်ပါတယ်။ ပြီးတော့ နှာခေါင်းတစ်ဖက်ကပိတ်ပြီး ပန်းနံ့၊ အမွှေးနံ့တွေမရဘူးဖြစ်နေပါတယ်။ တစ်ခါတစ်ရံ ရေချိုးပြီး နှာရည်ယိုတဲ့အခါ နှပ်ပုပ်ရည်လိုအရည်မျိုးကျလာပါတယ်။ သူများတွေက ထိပ်ကပ်နာဖြစ်နေတယ်လို့ပြောပါတယ်။ ထိပ်ကပ်နာဆိုတာ ဘယ်လိုအနာမျိုးပါလဲ။ သက်သာပျောက်ကင်းအောင် ဆေးနည်းရှိရင် ညွှန်ပြပေးစေလိုပါတယ်။**

ထိပ်ကပ်နာဆိုတာ အအေးမိ၊ နှာစေးတာကို သေချာမကုသခဲ့ရင် ကြာတော့ နှာခေါင်းပိတ်ပြီး အသက်ရှူမဝတဲ့ရောဂါ၊ နှပ်ပုပ်ရည်ကျတဲ့ရောဂါ၊ နှာခေါင်းတွင်းက အနံ့ဆိုးထွက်ပြီး နှာခေါင်းအတွင်း အာရုံခံအကြောတွေ ပျက်စီးသွားတဲ့အခါ အနံ့ကောင်းစွာမရတော့ဘဲ အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါမျိုးဖြစ်တတ်ပါတယ်။ ထိပ်ကပ်နာရောဂါဖြစ်လာပြီဆိုရင် အောက်ပါဆေးနည်းတိုတွေကို အသုံးပြုပါ။

ပရုတ်၊ လေးညှင်းပွင့်၊ ဇာတိပ္ဖိုလ်ပွင့်၊ ငရုတ်ကောင်းစေ့၊ ငရုတ်ကောင်းဆီ(ပါပါမင့်)၊ ဖုံးမသိန်ခဲ၊ ဇဝက်သာခဲတို့ကိုရောပြီး အငွေ့လုံတဲ့ပုလင်းမှာ ထည့်ရှူပေးပါ။ (ရှူဆေးဘူးပြုလုပ်ပါ)

ငဖြူကြီးပင် (မုရိုးပင်) အရွက်ခြောက်ကို မီးကျီးခဲပေါ်ဖြူးပြီး အငွေ့ရှူပေးပါ။ အပင်ရဲ့အရိုးနဲ့အရွက်ကိုပြုတ်ပြီး ရေနွေးငွေ့ကိုရှူပေးရင် နှပ်ပုပ်တွေကျပြီး ထိပ်ကပ်နာသက်သာစေပါတယ်။

သပွတ်သီးခြောက်အူတိုင်ကထွက်တဲ့ အမှုန့်ကိုယူပြီး နှာခေါင်းအတွင်းကို နှာမှုတ်ပေးရင် ထိပ်ကပ်နာကြောင့်ဖြစ်တဲ့ နှာပိတ်တာကို သက်သာစေပါတယ်။ နှာခေါင်းအတွင်း အသားပိုလို အသီးဖြစ်သူတွေ ဒီဆေးနည်းနဲ့ ပျောက်ကင်းစေနိုင်ပါတယ်။

ကျားမနိုင်အမြစ်ကိုသွေးပြီး နှာခေါင်းပေါ်မှာ လိမ်းပေးရင် နှာခေါင်းပိတ်တာသက်သာစေပါတယ်။

နံနက်အိပ်ရာထ မျက်နှာသစ်တဲ့အခါတိုင်း ရေကို လက်ခုပ်နဲ့ယူပြီး ရှူသွင်းပေးရင် ထိပ်ကပ်နာသက်သာစေပါတယ်။

သံပရာသီးကိုအရည်ညှစ်ပြီး နှာခေါင်းအတွင်း ထည့်ပေးရင် ထိပ်ကပ်နာကြောင့်ဖြစ်တဲ့ အသက်ရှူကျပ်တာကို သက်သာစေပါတယ်။

ငှက်ခါးငှက်ရဲ့ အတောင်ကိုမီးရှို့ပြီး အငွေ့ရှူပေးရင် ထိပ်ကပ်နာပျောက်ပါတယ်။

ထန်းနို့ခြောက်ကိုမီးရှို့ပြီး အငွေ့ကိုရှူပေးရင် နှပ်ပုပ်တွေကျပြီး ထိပ်ကပ်နာသက်သာစေပါတယ်။

ပိစပ်ရွက်အရည်ညှစ်ပြီး ပိတ်နေတဲ့နှာခေါင်းအတွင်းထည့်ပေးရင် နှပ်ပုပ်ရည်တွေကျလာပြီး ထိပ်ကပ်နာကိုသက်သာစေပါတယ်။

ပဒိုင်းရွက်ခြောက်ကိုအမှုန့်ပြုလုပ်ပြီး နှာမှုတ်ပေးရင် နှပ်အပုပ်အခဲတွေကျလာပြီး ထိပ်ကပ်နာသက်သာစေပါတယ်။

နလင်ကျော်အခေါက်ကို အမှုန့်ပြုလုပ်ပြီး မီးကျီးခဲပေါ်မှာဖြူးပြီး မှိုင်းရှူပေးရင် နှာခေါင်းပိတ်နှပ်ပုပ်၊ ထိပ်ကပ်နာသက်သာစေပါတယ်။

**ကြည်လွင်မြင့်(မုဒြာ)**

## သရက်မြို့နယ်၌ ဆောင်းကြက်သွန်နီ ဧက ၆၀၀ ကျော် စိုက်ပျိုးထားပြီး ဧကအားလုံးနီးပါး နုတ်သိမ်းပြီးဖြစ်

သရက် မေ ၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်၌ ဆောင်းကြက်သွန်နီ ဧက ၆၀၀ ကျော်စိုက်ပျိုးထားပြီး ဧကအားလုံးနီးပါး နုတ်သိမ်းပြီးဖြစ်ကြောင်း ဒေသခံကြက်သွန်နီ စိုက်ပျိုးသူများ၏ ပြောကြားချက်အရ သိရသည်။

သရက်မြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်း စီးပွားရေးအချက်အချာကျသောမြို့နယ်တစ်မြို့နယ်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြကာ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် ဝါအပြင် ကြက်သွန်နီကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။

သရက်မြို့နယ်အတွင်း ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ဧကပေါင်း ၆၂၀ ခန့် စိုက်ပျိုးထားပြီး တပေါင်းလမှ စတင်နုတ်သိမ်းရာ လက်ရှိတွင် ဧကအားလုံးနီးပါး နုတ်သိမ်းပြီးဖြစ်ကာ အဓိကအားဖြင့် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းမွန်သော ရွှေဖလားထိပ်မောက်ကြက်သွန်နီမျိုးကို အများဆုံးစိုက်ပျိုးကြသည်။

အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကြက်သွန်နီပိဿာ ၃၈၀၀ ခန့်ထွက်ရှိပြီး ထွက်ရှိလာသော ကြက်သွန်နီများကို ကုန်သည်ပွဲစားများက စိုက်ခင်းထဲအထိလာရောက်ဝယ်ယူကြသကဲ့သို့ တောင်သူများကိုယ်တိုင် မြို့ပေါ်ရှိပွဲရုံများ၊ ကုန်စုံဆိုင်များ၊ မြို့မဈေးနှင့် အခွန်လွတ်ဈေးတို့သို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း သိရသည်။ **ဆောင်းဦး**

## ကျွန်းလှမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးများကို ကာကွယ်ဆေးများထိုးနှံတိုက်ကျွေး

ကျွန်းလှ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက်ကလေးများအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို မေလ ၁ ရက်က သက်ဆိုင်ရာစုရပ်များ၌ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များကို ဆုံဆို့နှင့်မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကိုလည်းကောင်း၊ အသက်နှစ်လမှ တစ်နှစ်ခွဲကလေးများကို ပြင်းထန်တီဘီရောဂါ၊ ဆုံဆို့ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ (ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို လအလိုက်၊ နှစ်အလိုက် ထိုးနှံတိုက်ကျွေးပေးခြင်းဖြစ်သည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးများအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို လစဉ် လဆန်း ၁ ရက်မှစ၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့၌ ဆောင်ရွက်ပေးကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# တောင်ကြီးမြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အရည်အသွေးမြှင့် (ဆင့်ပွား)ဆွေးနွေးပွဲကျင်းပ



တောင်ကြီး မေ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) KG, Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အရည်အသွေးမြှင့်(ဆင့်ပွား)ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက မူကြိုပညာရေးတွင်ရှိသည့် ဖွံ့ဖြိုးမှုနယ်ပယ်ငါးရပ်ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှုတို့နှင့် KG နှင့် Grade-1 တက်ရောက်မည့် ကလေးများအတွက် အသက်အရွယ်နှင့်ကိုက်ညီသည့် သင်ကြားမှုစနစ်များဆောင်ရွက်ပေးရေး၊ ကလေးများ၏အသက်အရွယ်အလိုက် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် စနစ်တကျ ပျိုးထောင်တတ်စေရေးတို့ကို အထူးအလေးထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက KG, Grade-1 ဆရာ၊ ဆရာမများအတွက် KG, Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ရှမ်းပြည်နယ်ပညာရေးနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ နည်းပြ ၁၂ ဦးတို့က သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၅၀ ဦးတို့အား ဧပြီ ၂၇ ရက်မှ မေလ ၉ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၅)

# ပဲခူးမြို့၌ ၂၀၂၆ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကျင်းပ



ပဲခူး မေ ၂

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ၂၀၂၆ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံမှပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ၂၀၂၆ ခုနှစ် အလုပ်သမားနေ့အထိမ်းအမှတ် Video Clip အား ကြည့်ရှုခဲ့ကြသည်။ ၎င်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလုပ်သမားနေ့အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

(၀၁၀)

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်




မူဆယ် မေ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်၊ မန့်မိုင်ကျေးရွာအုပ်စု မန့်မိုင်ကျေးရွာ၌ အများပြည်သူများ၏ အခြေခံလိုအပ်ချက်ကိုရှေးရှု၍ အစိုးရသစ်ကာလ ရက် ၁၀၀ လမင်းစီမံချက်ဖြင့် ယနေ့တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သိန်းအောင်နှင့် ဦးကျော်စွာဝင်း (ခ) M အောင်ဂျာ၊ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးဆလိုင်းဟောမန်ထွန်း၊ မူဆယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းတို့က ကွင်းဆင်းကြည့်ရှုပြီး ပြည်သူများလက်ဝယ်သို့ပေးအပ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ်ဦးစီးမှူးရုံးမှ ကြီးမှူး၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိစေရေး ဆောင်ရွက်ပေးပြီး မွေးတိုး၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက်၊ မြို့နယ်တွင်းပြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ခရိုင်(ပြန်/ဆက်)

## ဖိတ်ခေါ်ကြိုဆို

❖ သမိုင်းကတောင်းဆို
ငြိမ်းချမ်းရေးကို ပြည်သူလို
ဖိတ်ခေါ်လက်ကမ်းကြို။

❖ ငြိမ်းချမ်းရေးဖိတ်ခေါ်သံ
ထံတျာပီသ၊ တေးဂီတသို့
ကြားရသည့်အခါ၊ သာယာလှိုက်မော
သွေးကြောထဲစိမ့်ဝင်၊ နှလုံးသားရင်ခွင်သို့။

❖ အပြုံးလှလှ၊ သတ္တုချ၍
စေတနာရင်း၊ မေတ္တာခင်း၍
ရင်တွင်းသစ္စာ ဆိုကြမည်။
တိုင်းပြည်အတွက်ဦးတည်။

❖ ကောင်းကျိုးရည်သန်၊ အကျိုးမြန်ဖို့
ဝန်းရံပေါင်းစည်း၊ ငြိမ်းချမ်းနည်းဖြင့်
လောင်ပြီးတောက်နေ၊ မီးညွန့်တွေကို
ငြိမ်းစေလက်များ၊ ညီညွတ်အားနှင့်
ပိုင်းခြားခြေပြု၊ ပြောင်းလဲမှုဖြင့်
ပြည်သူ့ဆန္ဒ၊ ဖလှယ်ကြရင်း
နီးထအားမာန် အချိန်တန်။

❖ အပေါင်းလက္ခဏာ၊ ဖော်ဆောင်ကာဖြင့်
မေတ္တာရေးရှု၊ ကြင်နာမှုဖြင့်
ကျိုးပြုနိုင်ရေး၊ အစဉ်တွေးလျက်
ငြိမ့်အေးကြည်လင်၊ ရေအသွင်သို့
ဆောင်ငင်ပြန့်ကြူး၊ ရနံ့ထူးနှင့်
ပြန့်ပြူးညီညာ၊ ပြည်သာယာဖို့
အနာဂတ်လမ်း၊ ငြိမ်းချမ်းပန်းဖြင့်
ဆင်မြန်းကြမည် ပန်းစုံညီ။
ငြိမ်းချမ်းတန်ပြီ မြန်မာပြည်။ ။

ဝိုင်းမောင်(မာန်အောင်)

## MWD Education, Knowledge & Sports Channel

၃-၅-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၂၀ - ၁၀:၀၀ | Grade-4/Grade-5/Grade-7/ Grade-8 သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၂:၂၅ | Grade-8/Grade-9 သင်္ချာ |
| ၃။ | ၁၂:၂၅ - ၁၂:၅၅ | Grade-10 အင်္ဂလိပ်စာ၊ သင်္ချာ |
| ၄။ | ၁၂:၅၅ - ၁၃:၅၅ | Grade-10 ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၅။ | ၁၆:၀၀ - ၁၈:၂၀ | Grade-11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ပုစွန်မျိုးစုံပိဿာ ၅၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး မေ ၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ပုစွန်မျိုးစုံပိဿာ ၅၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်မေ၏ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ပုစွန်မျိုးစုံပိဿာ ၅၅၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူ၍ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပုစွန်အပါအဝင် တခြားရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ရေထွက်ကုန်တွေကိုကုန်တင်ယာဉ်တွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလည်း အခက်အခဲမရှိပါဘူး"ဟု ဒေါ်တင်တင်မေကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များမှာ လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းသတ်မှတ်ထားကြောင်း သိရသည်။

သုတကျော်



# တောင်သူများအား စပါးခေါင်နှံဖြင့်မျိုးကောင်းမျိုးသန့်ရွေးချယ်ထိန်းသိမ်းနည်းများ လက်တွေ့ပြသ

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများအား အချိန်တိုအတွင်း လိုအပ်သည့် စပါးမျိုးပမာဏများကို မြန်မြန်ဆန်ဆန်ရရှိနိုင်ရန်အတွက် စပါးခေါင်နှံဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်ထိန်းသိမ်းနည်း လက်တွေ့ကွင်းသရုပ်ပြပွဲကို မေလ ၁ ရက်က ရေပေါ်သောင်ကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံနှင့် ခရိုင်မျိုးစေ့တာဝန်ခံတို့က ဒေသခံတောင်သူများအား စပါးခေါင်နှံဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်ထိန်းသိမ်းနည်းများကို အသိပညာပေးရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက စပါးအထွက်နှုန်းတိုးတက်စေရေး နည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရေပေါ်သောင်ကျေးရွာ တောင်သူဦးကျော်ခိုင်၏ ဆင်းသုခစိုက်ခင်း၌ ဒေသခံတောင်သူများအား လက်တွေ့ခေါင်နှံကောက်ယူကာ မျိုးကောင်းမျိုးသန့်ရွေးချယ်ထိန်းသိမ်းနည်းများကို အသိပညာပေးပြသကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ကော့မှူးမြို့နယ်၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ နွေရာသီကာလတွင် ရေရှားပါးမှုကို ကြိုတင်ကာကွယ်ရန်နှင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို မေလ ၁ ရက်က ကော့မှူးမြို့နယ် ဆားတိုင်မွတ်ကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်း၊ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဆားတိုင်မွတ်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာဝန်ရှိသူများသည် ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ရက် ၁၀၀ စီမံချက်ကာလအတွင်း လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးထားဆောင်ရွက်ရန်ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သော်ဇင်ထူး**

# ကျောက်ဆည်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆောင်ရွက်

ကျောက်ဆည် မေ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ငါးမြေကုန်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို မေလ ၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငါးမြေကုန်းကျေးရွာအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

# မြိတ်မြို့၌ ကူးစက်ရောဂါကြိုတင်ကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်



မြိတ် မေ ၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ဒေသခံမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ကူးစက်ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာအသိပညာပေးသင်တန်းကို မေလ ၁ ရက်က မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အေးချမ်းသာယာရပ်ကွက်ရှိ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်မည့် အခြေအနေများကိုပြောကြားကာ သင်တန်းကိုဆက်လက်ပို့ချပေးသည်။

အဆိုပါသင်တန်းသို့ စန္ဒဝတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြပြီး မြိတ်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးက မွေးမြူရေးလုပ်ငန်းများတွင် ကူးစက်ရောဂါကြိုတင်ကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်းဆိုင်ရာ နည်းပညာများအကြောင်းကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

(၄၁၂)

(၃၈)ဖြာမင်္ဂလာ

# လေတိုက်တိုင်း မလန့်ပါနှင့် (ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ)

အိမ်ရှေ့မှာ စိုးသူဖေဖေနှင့် ရွာသူကြီးဦးခန့်တို့ စကားပြောနေကြသည်။ မေမေက ချဉ်ပေါင်ရွက်များ သင်ရင်း အနား၌ထိုင်ပြီး နားထောင်နေသည်။ စိုးသူက အိမ်စာသင်္ချာများကို တွက်နေလေသည်။

"အေးဗျာ၊ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ မြို့ကြီး ကြက်ပျံမကျစည်ကားနေရာကနေ ပျောက်ကွယ်သွားတာ အံ့သြစရာပဲနော်"

ဦးခန့်က မော်ဇာသရေခေတ္တရာ၏ တစ်ချိန်က ဘဝကို ပြန်လည်တမ်းတရင်း စကားဆိုသည်။

"နှစ်နိုင်ငံကူးလူးဆက်ဆံမှုမှာ ယဉ်ကျေးမှုကို သံတမန်သဖွယ်အသုံးပြုခဲ့တာလည်း အံ့သြစရာကောင်းတယ် ကိုခန့်ရဲ့" ဟု ဖေဖေက သုံးသပ်ပြပါသည်။

"သူကြီးရှိလား ... သူကြီး၊ ဥက္ကဋ္ဌကြီး"

ရွာထဲမှာ ဦးခန့်ကို"သူကြီး၊ ဥက္ကဋ္ဌကြီး" ဟူ၍ ခေါ်ဝေါ်လေ့ရှိကြပါသည်၊ အိမ်ရှေ့မှအသံကြောင့် အားလုံးလှမ်းကြည့်လိုက်ကြသည်။

"မောင်နီပါလား"

မေမေက မောင်နီကို ကြည့်ရင်း ရေရွတ်လိုက်သည်။ ပြီးမှ"တက်လာလေ မောင်နီ"ဟု လှမ်းခေါ်လိုက်သည်။

"ဘာကိစ္စလဲ" ဟု ဦးခန့်က မေးလိုက်သည်။

"ရွာကလူတွေကို ကျွန်တော်မကျေနပ်လို့ သူကြီး"

"ဟေ...ဘာ" မောင်နီစကားကြောင့် ဦးခန့်ရော စိုးသူဖေဖေပါ အံ့သြသွားကြသည်။

" ဘာဖြစ်လို့လဲကွ မောင်နီရ၊ ရှင်းပြစမ်းပါဦး" ဟု ဖေဖေက ဝင်မေးလိုက်သည်။



" ကျွန်တော့်ဘဝမှာ တစ်ခါပဲမှားခဲ့တာပါ၊ အဲဒီ အမှားကိုလည်း သူကြီးတို့ရှေ့မှာ ဝန်ခံကတိပြု ပြီးကတည်းက ကျွန်တော် နောက်ထပ်မလုပ်တော့ ပါဘူး"

" အေးလေ၊ ငါတို့သိသားပဲ"

မောင်နီစကားကို ဦးခန့်က ထောက်ခံလိုက်သည်။

" လူတွေက အဲဒီအမှားကို ထောက်ပြီး ကျွန်တော့် ကို ကဲ့ရဲ့နေလို့"

မောင်နီက ဝမ်းနည်းသံဖြင့်ပြောလာသည်၊ ဦးခန့် က ရယ်မောရင်း

"ဒါများ မောင်နီရယ်၊ လောကမှာ လူတွေကဲ့ရဲ့ကြ၊ ချီးမွမ်းကြတာ မဆန်းပါဘူး၊ နေ-လ-မြေ-ရေ တို့ကို တောင် ကဲ့ရဲ့ကြ၊ ချီးမွမ်းကြသေးတာပဲ၊ လူမိုက်တွေ ကဲ့ရဲ့တာထက်၊ ပညာရှိတွေကဲ့ရဲ့တာ မခံရအောင် သာနေစမ်းပါ၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဆိုတာ မနေ့ ကလည်းရှိတာပဲ၊ ဒီနေ့လည်းရှိတာပဲ၊ မနက်ဖြန်လည်း ရှိနေဦးမှာပဲ" ဟု ပြောလိုက်လေသည်။

မောင်နီက ဦးခန့်စကားကြောင့် ငြိမ်သက်သွား သည်။ ခဏကြာမှ

"ကျွန်တော်ရွာနောက်ပိုင်းကို ပြောင်းနေတော့မယ်၊ အဲဒါကိုလည်း သူကြီးကို ပြောချင်လို့" ဟု ပြောလာပါ သည်။

သူကြီးက" ဘာဖြစ်လို့လဲ" ဟု ပြန်မေးလိုက်လေ သည်။

" ရွာရှေ့ပိုင်းက လူတွေရဲ့ အပြောကလွတ်အောင် လို့ပေါ့"

ဦးခန့်က ရယ်မောရင်း " ကဲ မင်းပြောင်းသွားတဲ့ ရွာနောက်ပိုင်းကလူတွေက မင်းကို ကဲ့ရဲ့ရင်ကော"

"ရွာတောင်ပိုင်း ပြောင်းမှာပေါ့ဗျာ"

"ဟုတ်ပါပြီ၊ ရွာတောင်ပိုင်းက ကဲ့ရဲ့ရင်ကော"

"ရွာမြောက်ပိုင်းကို ပြောင်းမှာပေါ့ဗျာ"

"ရွာမြောက်ပိုင်းကလူတွေက ကဲ့ရဲ့ရင်ကော"

မောင်နီက ဦးခန့် အမေးကြောင့် ငြိမ်သက်သွား ပါတော့သည်။ လူအများ၏ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ လွတ်ကင်းသောနေရာမရှိနိုင်ဟု သဘောပေါက် သွားဟန်ရှိပါသည်။ ထို့ကြောင့်

"လေတိုက်တိုင်း ကျွန်တော်မလန့်တော့ဘူး သူကြီး" ဟု ရုတ်တရက်ထဖြေလိုက်သည်။ မောင်နီ စကားကြောင့် ဖေဖေတို့က ဝိုင်း၍ရယ်ကြသည်။

စိုးသူ အိမ်စာပြုလုပ်ရင်းမှ တွေးဆလိုက်မိသည်။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကို ဂရုစိုက်နေခြင်းဖြင့် မိမိသာလျှင် အလုပ်ပျက်သည်ဟူသော အသိကို လည်း ရရှိလိုက်ပါတော့သည်။ ။

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

## မှတ်သားဖွယ်စုံ စကားပုံ

### ကျွန်း ကိုင်းမှီ၊ ကိုင်း ကျွန်းမှီ

ကိုင်းပင်များ ပေါက်ရောက်နေသဖြင့်လည်း သောင်ကျွန်းသည် ရေတိုက်စားမှုကိုခံနိုင်ပြီး ရပ်တည်နေနိုင်သည်။ သောင်ကျွန်းတည်ရှိနေ သဖြင့်လည်း ကိုင်းပင်များ ပေါက်ရောက်ရှင်သန်ရပ်တည်နိုင်သည်။ ထို့အတူပင် တစ်ဦးနှင့်တစ်ဦးသည်လည်း အပြန်အလှန်အကျိုးပြု၍ အမှီသဟဲပြုကာ ရပ်တည်ကြရသည်။

**ကိုင်း ကျွန်းမှီ၊ ကျွန်း ကိုင်းမှီ** – နှင့် အတူတူ။

"ကျွန်တော်တို့နှင့် ထိုက်တန်သော ကိစ္စရှိပါလျှင် ပြောတော်မူပါ။ **ကျွန်း ကိုင်းမှီ၊ ကိုင်း ကျွန်းမှီ** ဆိုသလို အမေကြီးတို့ကိုလည်း ကျွန်တော်က အားထားပါရစေ။" [၁၂၇၅] စပယ်။ ၉။

### ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝ

ကောင်းသော အသက်မွေးခြင်းဖြင့် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ သကဲ့သို့ ကောင်းသောအမှုကို သူတစ်ပါးအတွက် စေတနာကောင်းနှင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိအကျိုးလည်း တစ်ပါတည်း ပြည့်စုံသည်။ **ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝ** – ဆိုရိုး၊ လည်းရှု။

"**ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ** ဆိုသကဲ့သို့ ဆေး ဆရာဝန်လုပ်ရန် သန္နိဋ္ဌာန်ချပြီးလျှင်...၊" (၁၂၈၈) ဒဂုန်၊ ၆၊ ၇၁။ ၆၅။

### ငှက်မသိတော့ ဆက်ရက် ချိုးထင်

ငှက်ကို ခွဲခြား၍မသိပါက ချိုးငှက်ကိုပင် ဆက်ရက်ဟု ထင်တတ် သကဲ့သို့ လူကို ကောင်း ဆိုး မခွဲခြားတတ်သူသည် လူကောင်းကိုပင် လူဆိုးဟု ထင်တတ်သည်။ **ငှက်မသိက ဆက်ရက်ကို ချိုးထင်၊ အချက် မသိက သမက်ကို သူခိုးထင်**– ဆိုရိုး၊ လည်းရှု။

"အချက်မသိတော့ သမက်သူခိုးထင်၊ **ငှက်မသိတော့ ဆက်ရက် ချိုးထင်** ဆိုတာလို အဟောအပြောကလေးကောင်းရုံနှင့် ပေါင်းခြံပြီး ချီးမွမ်းလိုက်ကြတဲ့ အသံတွေဟာ ညံနေတာပေါ့။" (၁၂၉၆) မဇ္ဈိမ၊ ဒု။ ၁၇၆။

### ငါးပိနှင့် လောက်၊ ရွှေနှင့် ကျောက်

ငါးပိသည် လောက်နှင့် မကင်းနိုင်၊ ကျောက်သည် ရွှေနှင့် မကင်းနိုင်။ ထို့အတူ လောကတွင် တစ်ခုနှင့် တစ်ခုမကင်းနိုင်သော သဘောတရားများ ရှိကြသည်။

**ငါးပိနှင့် လောက်၊ ရွှေနှင့် ကျောက်** – ဆိုရိုး၊ လည်းရှု။

"**ငါးပိနှင့် လောက်၊ ရွှေနှင့် ကျောက်** ဆိုဘိသို့ လယ်သမားနှင့် မြွေဆိုးတို့မှာလည်း မကင်းနိုင်ကြရှာပေ။" [၁၃၃၁] အိုးဝေ၊ ၁၄၊ ၁၀။ ၉။

### တောက်မည့်မီးခဲ အရှိန်နှင့်ရဲရဲ

တောက်မည့် မီးခဲသည် ရဲရဲညီးညီးနေသကဲ့သို့ ထွန်းကား မည့်သူသည် ထူးချွန်မည့်အရိပ်လက္ခဏာများနှင့် သိသာထင်ရှား နေသည်။

"အရည်တူ သားတော်တွေထဲက **တောက်မည့်မီးခဲ အရှိန်နှင့်ရဲရဲ** ဆိုသလို... ဘယ်သူဘယ်လို ထူးချွန်မယ်ဆိုတာ စောင့်ကြည့် ကြဖို့လိုတာပဲ။" [၁၂၉၉] ဒဂုန်၊ ၁၉၇။ ၂၁၉။

"**တောက်ချင်တဲ့မီးခဲ အလျှံနှင့်ရဲရဲ** ဆိုတာလို ကြီးပွားမည့်လူများဟာ ရုပ်ကိုမြင်တာနှင့် အသိသာကြီးပဲ။" [၁၂၇၈] တင်မြ၊ ဒု။ ၁၈၄။

### ရေမြင့် ကြာမြင့်

ရေမျက်နှာပြင် မြင့်တက်သည်နှင့်အမျှ ကြာပင်ကလည်း မြင့်တတ် ဘိသကဲ့သို့ မှီခိုရာ၏ အဆင့်အတန်းအခြေအနေမြင့်မားလာသည်နှင့် အမျှ မှီခိုသူများလည်း အခြေအနေမြင့်မားလာသည်။ (**ရေမြင့် ကြာတင့်** – ဟူ၍လည်း အသုံးရှိသည်။)

"စပါးအသီးအနှံ ဈေးကောင်းသည့်နှစ်မှာ အခြားအလုပ်အကိုင်နှင့် အသက်မွေးတဲ့ လူတွေလည်း **ရေမြင့် ကြာမြင့်** ဆိုသလို ဖွံ့ဖြိုးနိုင်ကြ ပါမည်။" [၁၂၉၆] ကြီးပွားရေး၊ ၃၊ ၅။ ၃၈။

"ကျွန်မတို့ မိန်းမဆိုတာမျိုးဟာ **ရေမြင့်မှ ကြာတင့်**ဆိုသလိုပဲ လင်ယောကျ်ားကောင်းကောင်းကို အမှီရမှ တည်တည်ကျကျနှင့် လောကမှာ တင့်တယ်ပါပေတယ်။" [၁၂၇၈] မှာပုံ။ ၄၆။

### သိကြားမင်း ကျွဲယောင်ဆောင်၊ ချိုကား

သိကြားမင်းကိုယ်တိုင် နတ်တို့တန်ခိုးဖြင့် အလှဆုံးကျွဲဖြစ်အောင် ဖန်ဆင်းပြစေကာမူ ချိုကားသည်ဟု ရှာရှာကြံကြံ ဝေဖန်ခံရခြင်း မလွတ်သကဲ့သို့ မည်မျှပင်ကောင်းအောင်ကြိုးစားလုပ်ဆောင်စေကာမူ ရှာကြံ၍ ဝေဖန်အပြစ်ပြောခံရခြင်းမှ လွတ်မည်မဟုတ်ချေ။

**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာ အဖွဲ့ကထုတ်ဝေသည့် "မြန်မာစကားပုံ" စာအုပ်မှ ကောက်နုတ်ဖော်ပြ ပါသည်။ ။**

လူငယ်နှင့် အောင်မြင်ရေး

## မှန်မှန်နေ

လူမှန်သမျှ အမြဲစိတ်ညစ်တတ်၏။ စိတ်ညစ်ဖို့မလို၊ ဘယ်သူ့မှာ မဆို စိတ်နောက်စရာတွေ အမြဲရှိခဲ့၏။ စိတ်ထဲမှာ ဝန်ထုပ်ကို ထမ်းရ သလိုသာ များခဲ့၏။ ထိုကဲ့သို့ လေးလံခြင်းကြောင့် အဘယ်အကျိုး ရှိခဲ့ပါသနည်း။

လေးလံခြင်းတို့ကြောင့် တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့ပါသလော၊ ထိုလေးလံခြင်းတို့သည် အဘယ်အကျိုးရှိပါသနည်း။ ရှင်းလင်းဖယ်ရှား၍ ပစ်လေ။ မဖြစ်သေးသော အရာအတွက် ပူ၍မနေနှင့်၊ နက်ဖြန်ခါ ဆန်အိုး၌ ဆန်မရှိသည်ကို တွေး၍ မပူနှင့်။ ရှိအောင်လုပ်ဖို့ နည်းလမ်းကိုသာ ရှာ၊ ရှိရမည်ဟု ယုံကြည်စိတ်ချ။ ပူခြင်းကြောင့်ရှိလာမည် မဟုတ်ချေ။ မရှိခိုက်မှာ ဧည့်သည်ရောက်လျှင် မရှိကြောင်းပြော၊ ရှက်လျှင် အကြောင်းမဲ့ ဝန်လေးခံရတတ်၏။ ဆွေးမျိုးဉာတိ တစ်ယောက်ယောက် က အပူလာ၍ကပ်လျှင် ပေးနိုင်၍ ပေးသင့်လျှင် ပေးလိုက်၊ မပေးသင့် လျှင် မပေးနှင့်။ မပေးနိုင်လျှင် မပေးနိုင်ကြောင်းကို ပြောရုံရှိ၏။ မယုံလို့ စိတ်ဆိုးခံရလျှင် အဘယ်အကျိုးယုတ်ဖို့ ရှိပါသနည်း။

ဟန်မလုပ်နှင့်။ မကြွားဝါနှင့်။ စကားတစ်ခွန်းပြောမည်ရှိသည့်အခါ ကြွားဝါသော အရိပ်အငွေ့ပါသလားဟု သတိထား။

ကြွားဝါသောအသံသည် သိသာ၏။ သေးနုပ်သိမ်ဖျင်းသော အကျင့်ဖြစ်၏။

တစ်လလျှင် မိမိ အဘယ်မျှလောက် ဝင်ငွေရှိသည်။ ဟိုကသည်က နှင့်ဆိုလျှင် တစ်လ ဘယ်ရွေ့ဘယ်မျှတော့ဝင်တာပဲဟူသောစကားမျိုး သည် ဒုက္ခပေးတတ်၏။ အထင်ကြီးခံရလျှင် ဝန်လေးသည်ဟု သိလေ။

မရှိသောကြောင့် ကဲ့ရဲ့ရှုတ်ချခြင်း၊ မုန်းထားခြင်းကို မခံရ၊ ကြွားဝါသူကို မည်သူမျှ မချစ်ပေ။ တတ်ဟန်မဆောင်နှင့်။

ပညာဂုဏ်ရောက်ခြင်းသည် ဟန်ဆောင်ရသဖြင့် ဝန်လေး၏။ အချို့မှာ ပညာဂုဏ်မောက်ကာ အထက်သို့ စိတ်ရောက်၍ နေတတ်ကြ၏။

ဟန်ဆောင်ရခြင်းသည် အဝတ်သစ်ကို ဝတ်ကာ မထိုင်ရဲ၊ မမှီရဲ သောသူ၏အလား ဆင်းရဲကြီးစွာ ဖြစ်တတ်လေသည်။

မရှိဘဲလျက် ဟန်လုပ်ကာ အနေမြင့်ခြင်းသည်လည်း ကြီးစွာသော ဆင်းရဲခြင်း၏ အကြောင်းဖြစ်လေသည်။ ။

**ဆရာကြီးပီမိုးနင်း၏ "သုခချမ်းသာစိတ်ပညာ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

**ပီမိုးနင်း**

# နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ကြည့်ရှုအားပေး



ရန်ကုန်  မေ  ၂

၂၀၂၆ ခုနှစ် မေလ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၄၀ သွေးလှူဒါန်းကြပြီး ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကိုသန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၅၅၀ ဖြင့် ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးနှင့်သွေးလှူဒါန်းခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာ ထွန်းမင်းနှင့်ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးနှင့် အရာရှိကြီးများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို ခွန်အားပြည့်အာဟာရအစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ ကြည့်ရှုအားပေး

နေပြည်တော်  မေ  ၂

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူသည် ၂၀၂၆ ခုနှစ် မေလ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး နေပြည်တော်၌ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး နေပြည်တော် ဆေးရုံဝင်းအတွင်း သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၃၀၀ တို့ဖြင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သွေးလှူဘဏ်၌ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်၈၀ က စုပေါင်းသွေးလှူဒါန်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ သန့်ရှင်းရေးဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များနှင့်သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်များကို ခွန်အားဖြည့် အာဟာရအစားအစာများ ပေးအပ်ကြောင်းသိရသည်။

မြဝတီ



# Pyin Oo Lwin Junior Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ




ပြင်ဦးလွင်  မေ  ၂

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM) မှ ကြီးမှူးကျင်းပ၍ CB Bank မှ အဓိကကူညီပံ့ပိုးသော Pyin Oo Lwin Junior Open Championship (Road to Myanmar Junior National Team) မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ အထက်မြန်မာပြည်ဂေါက်သီးအားကစားအဖွဲ့ချုပ်ဆပ်ကော်မတီ၊ Junior Golf Mayanmar (JGM)မှတာဝန်ရှိသူများ၊ ပြင်ဦးလွင်ဂေါက်ကွင်းမှ နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း နာယကနှင့်တာဝန်ရှိသူများက အလှည့်ကျ ဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲသို့ အမျိုးသား အသက် ၁၈ နှစ်အောက်ကစားသမား ၃၃ ဦး၊ အသက် ၁၄ နှစ်အောက် ကစားသမား ၁၃ ဦး၊ အသက် ၁၂ နှစ်အောက် ကစားသမား ၂၁ ဦးနှင့် အမျိုးသမီး ၁၈ နှစ်အောက်ကစားသမား ၁၀ ဦး စုစုပေါင်း ၇၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ၂၀၂၆ ခုနှစ် မေလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို ဦးစိုး(ရွှေဝါတောင်ကုမ္ပဏီလီမိတက်)မှလည်း Co Sponsor အဖြစ် ပံ့ပိုးကူညီပေးကြကြောင်း သိရသည်။

မြဝတီ

**တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။**

# ကျောက်ဆည်မြို့နယ်၌ မျိုးစပါးဖူလုံပိုလျှံရေး မျိုးစေ့ထုတ်စပါးများစိုက်ပျိုးထား

ကျောက်ဆည်  မေ  ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့် စပါးကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး ဒေသတွင်း မျိုးစပါးဖူလုံပိုလျှံရေး ယခုနှစ်နွေရာသီတွင် ရွှေမနော်စပါးမျိုးစေ့ထုတ်ကေ ၁၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

မျိုးစေ့ထုတ် ရွှေမနော်စပါးများကို အင်တိုင်းကျေးရွာ ကွင်းအမှတ် (၁၄၉) တောင်သူဦးဆန်းဦး၏ ဦးပိုင်အမှတ်(၁၀၃/၁)တွင် ၅ ဒသမ ၅၀ ကေ၊ တောင်သူဦးအေးလွင်၏ ဦးပိုင်အမှတ်(၁၀၂/၁)တွင် ၃ ဒသမ ၅၀ ကေ၊ တောင်သူဦးသောင်းစိန်၏ဦးပိုင်အမှတ်(၁၀၄/၆)တွင် ၈ ဒသမ ၅၀ ကေ၊ တောင်သူဦးသိန်းဇော်၏ ဦးပိုင်အမှတ်(၁၂၃/၁)တွင် ငါးကေ၊ တောင်သူဦးဖိုးကျော်၏ ဦးပိုင်အမှတ်(၁၁၁)တွင် ငါးကေ၊ တောင်သူဦးစိုးဝင်း၏ ဦးပိုင်အမှတ်(၁၀၃/၂)တွင် ခြောက်ကေ၊ တောင်သူဒေါ်တုတ်၏ ဦးပိုင်အမှတ်(၁၀၂/၂)တွင် ၄ ဒသမ ၅၀ ကေ၊ တောင်သူဦးဆန်းကို၏ ဦးပိုင်အမှတ် (၃၂/၁)တွင် ၃ ဒသမ ၅၀ ကေ၊ တောင်သူ ဦးစိုးရွှေ၏ဦးပိုင်အမှတ်(၁၀၃/၁)တွင် ၅ ဒသမ ၅၀ ကေ၊ တောင်သူဦးထွန်းတင်၏ ဦးပိုင်အမှတ်(၁၃၃)တွင် ကိုးကေ၊ တောင်သူဦးမြင့်၏ ဦးပိုင်အမှတ်(၁၃၀/၁)တွင် ရှစ်ကေ၊ တောင်သူဦးစိုးသူဝင်း၏ ဦးပိုင်အမှတ်(၁၀၁/၁)တွင် ၁၅ ကေ၊ တောင်သူဦးကျော်ဝင်းစိန်၏ ဦးပိုင်အမှတ်(၁၃၂/၄)တွင် ၁၁ ကေ စိုက်ပျိုးထားကြောင်း သိရသည်။



မျိုးစေ့ထုတ်စပါးခင်းများ အောင်မြင်ရေး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းပြီး မြေပြုပြင်ချိန်၊ စပါးပျိုးထောင်ချိန်မှစ၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# လူငယ်ရင်သွေး သက်မွေးပညာသင်ယူရေး

မောင်လေပြေ(တောင်တွင်း)

လူငယ်ဟူသည် တိုင်းပြည်အတွက် အနာဂတ်ဖြစ်သကဲ့သို့ မိသားစုတစ်စုအတွက် မျှော်လင့်ချက်လည်းဖြစ်သည်။ လူငယ်တစ်ယောက်ထွန်းတောက်အောင်မြင်သော အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်ဖို့ရာမှာ ထိုလူငယ်နှင့် မိဘဆရာများ၏ လမ်းကြောင်းတည့်မတ်ရွေးချယ်ချက်များအပေါ်တွင် များစွာမူတည်သည်။

မိဘဆရာသမားများသည်အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုအခြေပြု၍ မိသားစု၏စားဝတ်နေရေး၊ ပညာရေးနှင့်ကျန်းမာရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်ကြသကဲ့သို့ တပည့်သားသမီးများကိုလည်း ၎င်းတို့တတ်မြောက်ထားသောပညာရပ်များကို လက်ဆင့်ကမ်းသင်ကြားပေးခြင်းဖြင့်သော်လည်းကောင်း၊ ပညာနယ်ပယ်ကျယ်ဝန်းသော လူပုဂ္ဂိုလ်၊ နေရာဌာနများသို့အပ်နှံကာ တတ်ကောင်းတတ်ရာပညာများကို ရှေးအစဉ်အဆက်ကတည်းက သင်ကြားတတ်မြောက်အောင်မြင်စေခဲ့ကြသည်။

**❖ လူငယ်တစ်ဦးချင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ထားပါက နိုင်ငံ၏ကုန်ထုတ်စွမ်းအားမြင့်မားလာသည်နှင့်အညီ လူမှုစီးပွားဘဝများလည်း မြင့်မားလာမည်ဖြစ် . . .**

**❖ ကျေးလက်နေလူငယ်များအနေဖြင့် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများတွင် သာမက မွေးမြူရေး၊ စက်မှုလက်မှုအစရှိသည့်ပညာရပ်များကိုလည်း စနစ်တကျသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ် . . .**

**❖ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကိုအသုံးပြုကာ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများထုတ်လုပ်မှုကဲ့သို့သော အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူခွင့်ရရှိအောင် စွမ်းဆောင်ကြရမည်ဖြစ် . . .**

ဤသို့ဖြင့် လူ့အဖွဲ့အစည်းသည် ပညာရပ်နယ်ပယ်များ ပိုမိုကျယ်ပြန့်လာကာ တိုးတက်လာခဲ့ရသည်။

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်လည်း မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော ပညာသင်ကြားရေး မင်္ဂလာများဖြစ်သော

၁။ ဗာဟုသစ္စဉ္စ = တတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ။

၂။ သိပ္ပဉ္စ = အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့ အသက်မွေးဖို့ အတတ်သင်လေ။

၃။ ဝိနယောစ = လူနှင့်ဆိုင်ရာကျင့်ဝတ်များကို ကောင်းစွာသင်ကြားနားလည်စေ။

၄။ သုဘာသိတာစ ယာဝါစာ = မှန်ကန်၊ ယဉ်ကျေး၊ ချိုသာအေးဆိုရေးတတ်ပါစေ စသည်ဖြင့် လူ့ဘဝတွင် သင်ကြားတတ်မြောက်ဖို့ရန်အတွက် ဟောပြတော်မူခဲ့သော အဆုံးအမဩဝါဒများအတိုင်း ပညာဆင့်ကမ်းကာ မိဘဝတ်၊ ဆရာဝတ်တို့ကို ကျေပွန်ခဲ့ကြသည်။

**“လက်မှုနှုတ်မှု၊ တစ်ခုပညာ**
**ရှိတုံပါက၊ ရောက်ရာရောက်ရာ**
**အရပ်မှာလျှင်၊ မျက်နှာရွှင်လန်း**
**လနှယ်ဆန်း၍၊ ပန်းသို့လည်းပွင့်**
**ပွဲလယ်တင့်လိမ့်”** ဟူ၍ မန်လည်ဆရာတော်ကြီးက မဟာသုတကာရီ မဃဒေဝလင်္ကာသစ်တွင် ရေးဖွဲ့လမ်းညွှန်ခဲ့သည်။

**အသက်မွေးမှုတစ်ခုပညာ ကိုယ်စီပါ**ဟူ၍ ရှေးပညာရှိတို့ မိန့်ဆိုထားခဲ့ကြသည်။ လူသားတိုင်းသည် မိမိတို့ဘဝရှင်သန်ရပ်တည်ရေးအတွက် အသက်မွေးမှုပညာတစ်ခုခုအား တတ်မြောက်ရမည်ဖြစ်ကြောင်းကို လောကနီတိဆရာတို့ကလည်း **နှုတ်မှုလက်မှု၊ အတတ်စုကို ငယ်နုသောအား၊ မမေ့ပြားနှင့်**ဟူ၍ လမ်းညွှန်ဆုံးမခဲ့ကြသည်။ အသက်မွေးမှုပညာရပ်တစ်ခုခုကို အစမှအဆုံးတိုင် တိကျပိုင်နိုင်အောင်ကျွမ်းကျင်တတ်မြောက်မှသာလျှင် လူ့လောကအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်ကြောင်း တစ်နည်းအားဖြင့် ပညာရဲရင့်ပွဲလယ်တင့်မည်ဖြစ်ကြောင်း လူငယ်ရင်သွေးများကို ဩဝါဒပေးခဲ့ကြခြင်းဖြစ်သည်။

ယနေ့ခေတ်တွင် အသက်မွေးဝမ်းကျောင်းပညာဟူသော အသုံးအနှုန်းသည် လူ့အဖွဲ့အစည်းကြားတွင် များစွာတွင်ကျယ်လာသည်။ လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စု ထိုမှသည် နိုင်ငံတစ်နိုင်ငံ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုရရှိဖို့မှာ အသက်မွေးဝမ်းကျောင်းပညာသည် အခရာကျသောကြောင့်ဖြစ်သည်။

ယနေ့ကာလသည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ငယ်ရွယ်သူများအား ပညာဆင့်ပွားပေးဖို့ရာ အထူးလိုအပ်သည်။ ပညာသည် လမ်းမှားရောက်နေသူကို လမ်းမှန်သို့ရောက်အောင် ဆောင်ကြဉ်းပို့ဆောင်ပေးနိုင်သည်။ ကြမ်းတမ်းသောဘဝခရီးကို သာယာသောခရီးလမ်းဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။ အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်များကိုဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်အလင်းကို ပညာကသာပေးစွမ်းနိုင်သည်။ ထို့ကြောင့်လည်း **ပညာသမာ အာဘာနတ္ထိ** ပညာနှင့်တူသော အလင်းရောင်သည်မရှိဟူ၍ မြတ်ဗုဒ္ဓကဟောညွှန်ခဲ့ခြင်းဖြစ်သည်။

မိဘဆရာများအနေဖြင့် လူငယ်ရင်သွေးများအား ကျောင်းပညာရေးသာမက အသက်မွေးဝမ်းကျောင်း ပညာရပ်အနည်းဆုံးတစ်ခုစီ သင်ကြားပေးကြရမည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုသည်မှာ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုများတွင်ပါဝင်သော နည်းပညာရပ်ဆိုင်ရာကျွမ်းကျင်မှု (Technical Skill)တစ်ခုပင်ဖြစ်သည်။ လူငယ်တစ်ဦးချင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ထားပါက နိုင်ငံ၏ကုန်ထုတ်စွမ်းအားမြင့်မားလာသည်နှင့်အညီ လူမှုစီးပွားဘဝများလည်း မြင့်မားလာမည်ဖြစ်သည်။ မိဘဆရာများအနေဖြင့် လူငယ်ရင်သွေးများအတွက် ၎င်းတို့ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာများကို ကျောင်းပညာများနည်းတူ တန်ဖိုးထားပြီးလုပ်ကိုင်နိုင်သည့် အခွင့်အရေးပေးအပ်ရန်လိုအပ်သည်။ သို့မှသာ သက်မွေးပညာရပ်ကို လူငယ်များစနစ်တကျ သင်ယူတတ်မြောက်ခွင့်ရရှိကာ ကိုယ်ပိုင်လုပ်ငန်းအသီးသီးကိုတည်ထောင်နိုင်ကြမည်ဖြစ်ရုံမျှမက စွန့်ဦးတီထွင်လုပ်ငန်းရှင်များအဖြစ်လည်း အိပ်မက်မက်ခွင့်ရရှိနိုင်မည်ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ပညာရေးဆုံးခန်းမတိုင်ဘဲ ကျောင်းပြင်ပရောက်နေသူများစွာရှိသည်။ အခြေအနေအရ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေကြရသော်လည်း လုပ်ငန်းကျွမ်းကျင်မှုမရှိ၊ အရည်အသွေးအားနည်းနေပါက ကာလတိုသင်တန်းများ၊ လုပ်ငန်းခွင်ဝင်သင်တန်းများ အစရှိသဖြင့် စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်ရန်လိုအပ်သည်။

အသက်မွေးဝမ်းကျောင်းပညာသင်ယူရေးနှင့်ပတ်သက်၍ ကျေးလက်နေလူငယ်များ၏အခန်းကဏ္ဍကိုလည်း စဉ်းစားကြရမည်ဖြစ်သည်။ ကျေးလက်နေလူငယ်များအနေဖြင့် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများတွင်သာမက မွေးမြူရေး၊ စက်မှုလက်မှုအစရှိသည့်ပညာရပ်များကိုလည်း စနစ်တကျသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အသုံးပြုကာ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများထုတ်လုပ်မှုကဲ့သို့သော အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ယူခွင့်ရရှိအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။

ပန်းကြယ်သီးထိုးသင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ ဆပ်ပြာပြုလုပ်နည်းသင်တန်းများ၊ အလှဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းများ၊ ဝါးအခြေခံလက်မှုသင်တန်းများအစရှိသဖြင့် ရပ်ကွက်၊ ကျေးရွာနေလူငယ်များ သင်ယူတတ်မြောက်ခွင့်ရရှိနိုင်အောင် အုပ်ချုပ်သူများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့များ၊ မိဘဆရာများပူးပေါင်းကာ စွမ်းဆောင်ကြမည်ဆိုပါက ကိုယ်ပိုင်တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်လူငယ်များဖြစ်လာနိုင်ရုံမျှမက လူငယ်များအတွက် အခြားသောအလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် လူငယ်များအနေဖြင့် Online မှနေ၍ အသက်မွေးဝမ်းကျောင်းပညာရပ်အမျိုးမျိုးကို လေ့လာသင်ယူမှုများမှာ ရေပန်းစားလျက်ရှိရာ Hard Skill အပြင် လိုအပ်သော Soft Skill ကိုပါ တွဲဖက်သင်ယူသည့်အခွင့်အလမ်းများရရှိလာအောင် မိဘများအနေဖြင့် လမ်းကြောင်းတည့်မတ်ပေးရန် လိုအပ်သည်။

ဤနေရာတွင် စာရေးသူ၏ဖခင်ကြီးပြောပြခဲ့သော ပုံပြင်လေးတစ်ပုဒ်အား မျှဝေလိုသည်။ တစ်ခါက ရွာတစ်ရွာတွင် သူငယ်ချင်းနှစ်ဦးသည် အသက်မွေးဝမ်းကျောင်းပညာသင်ယူရန်အတွက် ဆရာကြီးတစ်ဦးထံသို့သွားရောက်ကာ ပညာသင်ယူခဲ့သည်။ မောင်ဖြူဟူသော လူငယ်က ငွေကြေးအားနည်းသောကြောင့် ပညာရပ်တစ်ခုကိုသာ ကျွမ်းကျင်တတ်မြောက်အောင်သင်ယူခဲ့သည်။ မောင်ညိုဟူသော လူငယ်မှာမူ ငွေကြေးပြည့်စုံသောမိဘများ၏ ပံ့ပိုးမှုအရ ပညာရပ်သုံးလေးခုခန့်သင်ယူသည်။ သုံးလေးခုခန့်သင်ယူခဲ့လင့်ကစား ကျွမ်းကျင်တတ်မြောက်ခဲ့ခြင်းမရှိချေ။ သင်ယူချိန်ကာလပြီးမြောက်သည့်အခါ ၎င်းတို့ရပ်ရွာသို့ပြန်ကာ အသက်မွေးဝမ်းကျောင်းအမှုပြုကြသည်။ ပညာရပ်တစ်ခုသာသင်ယူခဲ့ရသော မောင်ဖြူမှာ အချိန်တိုအတွင်းကြီးပွားကာ ပညာရပ်များစွာသင်ယူခွင့်ရသော မောင်ညိုမှာ တိုးတက်မှုမရှိရုံမျှမက လုပ်ငန်းများတွင် အရှုံးနှင့်ရင်ဆိုင်ရသည်။ အကြောင်းမှာ ပညာကိုကျွမ်းကျင်တတ်မြောက်အောင်မသင်ယူခဲ့သောကြောင့်ဖြစ်သည်။ ထိုအခါပညာသင်ပေးခဲ့သော ဆရာကြီးကား မျက်နှာလိုက်လေ၏။ မောင်ဖြူကိုကား ပညာကောင်းစွာသင်ပေး၍ သူ့ကိုကား ပညာပြည့်စုံအောင် သင်ပေးခြင်းမရှိဟု တွေးမိပြီး သူငယ်ချင်းဖြစ်သူ မောင်ဖြူကိုခေါ်၍ ဆရာကြီးထံသို့ ပြန်သွားလေ၏။ ဆရာကြီးထံရောက်သော် အကျိုးအကြောင်းကိုပြောပြရာ ဆရာကြီးက တပည့်နှစ်ဦးအား သစ်ပင်တစ်ပင်ပေါ်သို့ တက်ခိုင်းလေ၏။ သစ်ပင်ပေါ်ရောက်သောအခါ ဆရာကြီးနှင့်အခြားတပည့်များက သစ်ပင်ကို လှုပ်ချရာ မောင်ဖြူမှာ တုတ်ခိုင်သောသစ်ကိုင်းတစ်ခုကို အေးဆေးစွာဖက်တွယ်ထားပြီး မောင်ညိုမှာမူ ဟိုသည်ကူးကာ ပျာယာခတ်နေလေ၏။ ကြာကြာတောင့်မခံနိုင်သောအခါ မောင်ညိုမှာအောက်သို့ ပြုတ်ကျလေ၏။ မောင်ဖြူမှာ သစ်ပင်ထက်တွင် အေးဆေးစွာရှိနေ၏။ ထို့နောက် ဆရာကြီးက ပညာရပ်တစ်ခုကို သင်ယူသောအခါ တတ်မြောက်ရုံမျှမက ကောင်းစွာအသုံးချတတ်ရန်လိုကြောင်း၊ ဟိုသည်ကူးခပ်ကာ ငါးပွက်ရာငါးစာချသကဲ့သို့ အလုပ်လုပ်နေပါက အောင်မြင်မှုမရရှိရုံမျှမက တစ်ချိန်တွင် ကျရှုံးတတ်ကြောင်းကို ဆုံးမခဲ့လေသည်။

အထက်တွင်မျှဝေခဲ့သော ပုံပြင်လေးကဲ့သို့ပင် လူငယ်များအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာများသင်ယူရာတွင် မိမိနှင့်လိုက်ဖက်ကာ ဘဝရပ်တည်ရေးအတွက် အထောက်အပံ့ကောင်းများပေးနိုင်သော ပညာရပ်များကိုရွေးချယ်သင့်သည်။ ပညာစုံတတ်မြောက်စေကာမူ စပါးထောင်း သာနိုးနိုး စပါးပြာသာနိုးနိုးတက်ခြေမြဲမြဲမလုပ်လိုဘဲ လူးလားခတ်မနေဖို့ အထူးလိုအပ်လှသည်။

ဆရာဇော်ဂျီက လူငယ်လေးများ အလုပ်အကိုင်နှင့် ပညာရပ်နှင့်ပတ်သက်၍–

**“ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း**
**မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်**
**ဘယ်ပညာမှာ တော်သနည်း။**
**တော်သည်ခြင်းရာ၊ ဆိုသည်မှာကား**
**လက်ရာဆန်းသစ်၊ ခေတ်မီဆန်းပြား**
**တိုင်းခြားနည်းစုံ၊ အဖုံဖုံကို**
**တတ်ရုံမျှဖြင့် မပြီးသေး။**
**တို့မြေ တို့ရေ၊ တို့အခြေနှင့်**
**တို့ငွေ တို့အား၊ တို့စိတ်ထားနှင့်**
**စည်းဝါးကိုက်ညီ၊ ညှိကြံစည်မှ**
**တော်သည်ယူဆ စွယ်စုံလှ”** ဟူ၍ စွယ်စုံအလှကဗျာလေးတွင် လမ်းညွှန်ထားသည်ကို မျှဝေလိုက်ရသည်။

အချုပ်အားဖြင့်ဆိုရသော် လူငယ်ရင်သွေးများအနေဖြင့် မိမိနိုင်ငံ မိမိရေမြေသဘာဝနှင့်ကိုက်ညီသော ကိုယ့်နိုင်ငံ၏အကျိုးစီးပွားပိုမိုဖြစ်ထွန်းပြီး မိမိနှင့်တကွ တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူကောင်းများပေးနိုင်သော အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုရရှိကာ နိုင်ငံနှင့်လူမျိုးအကျိုးကိုသယ်ပိုးနိုင်သော လူတော်လူကောင်းလေးများဖြစ်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား(OWIC)ထုတ်ပေးရေးစခန်းအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်၍ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား (Overseas Worker Identification Card – OWIC) ထုတ်ပေးရေးစခန်းများကို သွားရောက်စစ်ဆေးသည်။

အဆိုပါနေရာတွင် MoU စနစ်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်လုပ်သားများ၊ မိမိအစီအစဉ်ဖြင့် ပြည်ပသို့သွားရောက်မည့် ကျွမ်းကျင်လုပ်သားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ပြန်လုပ်သားများအတွက် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC)အား Cashless စနစ်ဖြင့် တစ်နေရာတည်းတွင် ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တာဝန်ခံအရာရှိများ၏ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက OWIC ထုတ်ပေးရေးလုပ်ငန်းစဉ်တွင်အသုံးပြုသည့် စက်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုရန်၊ အလုပ်သမားများ၏ အခက်အခဲများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ကူညီဖြေရှင်းဆောင်ရွက်ပေးရန်နှင့် အလုပ်သမားများနှင့် လုပ်ငန်းစဉ်အပေါ် စေတနာထား၍ ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ချင်းပြည်နယ် ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများက နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကွင်းဆင်းဆေးကုသပေး



ဟားခါး မေ ၂

ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ချင်းပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဟားခါးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက နိုင်ငံ့ဝန်ထမ်း ၂၂၂ ဦးအား အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းနှင့် အာဟာရဖြည့်အစားအစာများ ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ဟားခါးခရိုင်စုပေါင်းရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆေးကုသပေးမှုကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူရည်ချွန်များကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့ ရင်းရင်းနှီးနှီးကြိုဆို

နေပြည်တော် မေ ၂

ပြင်ဦးလွင်၊ အင်းလေး၊ နေပြည်တော်၊ ငွေဆောင်နှင့် ချောင်းသာလူရည်ချွန်စခန်းများသို့ လေ့လာရေးခရီးသွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး၊ ဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး၊ ဧကာဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၉၉ ဦး တက္ကသိုလ်ပထမနှစ်နှင့် ဒုတိယနှစ် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၂၉၁ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၇၅၁ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမ ၁၀၂ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိကြသည်။



ထိုသို့ရောက်ရှိစဉ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ နေပြည်တော်ကောင်စီ ပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သပြေပန်းနှင့် စံပယ်ပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး အိုးစည်ဗုံမောင်းပတ်အကများဖြင့် ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့်တာဝန်ရှိသူများသည် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း၊ လူရည်ချွန်များကို ဧည့်ခံကျွေးမွေးမည့် စားရိပ်သာဆောင်များနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ၊ ဆရာမများသည် နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)၌ တည်းခိုကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ပြင်ဦးလွင် လူရည်ချွန်စခန်း၊ ဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ငွေဆောင်လူရည်ချွန်စခန်း၊ ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် နေပြည်တော်လူရည်ချွန်စခန်း၊ ပထမနှစ်နှင့် ဒုတိယနှစ်လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် ချောင်းသာလူရည်ချွန်စခန်းတို့သို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မေ ၂

၂၀၂၆ ခုနှစ် မေလ ၂ ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၀၃ မိနစ် ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မအူပင်မြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၆ ဒသမ ၉၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီတွေ့ဆုံ

ရန်ကုန် မေ ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သဘင်ဆောင်၌ တွေ့ဆုံသည်။




တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ကျန်းကျန်းမာမာနှင့် တွေ့ဆုံခွင့်ရသည့်အတွက်ဝမ်းသာပါကြောင်း၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းအရ အစိုးရသစ်တစ်ရပ်ထွက်ပေါ်လာပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်စသည့် မဏ္ဍိုင်သုံးရပ်ထွက်ပေါ်လာပါကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို ကဏ္ဍအလိုက် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများကို အေးအေးချမ်းချမ်းနေနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်အောင်ကြိုးစားသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း လွှတ်တော်၏အခန်းကဏ္ဍမြင့်မားတိုးတက်အောင်ဆောင်ရွက်သွားရန် အစီအမံများ ချမှတ်ထားပါကြောင်း။

နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပါတီ၊ ပြည်သူပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်အောင်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများက ယုံယုံကြည်ကြည်ဖြင့် ဆန္ဒမဲပေးရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကိုရွေးချယ်ပေးလိုက်သည့် ပြည်သူများ၏ဆန္ဒနှင့်မျှော်လင့်ချက်များကို အထူးအလေးထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လွှတ်တော်၏ ရည်မှန်းချက် တာဝန်(၄) ရပ်ကိုဖော်ဆောင်ရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများကို ကိုယ်စားပြု၍ အဆင့်မြင့်မြင့်ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများသည် ယနေ့မျက်မှောက်အခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ ထပ်မံဖြည့်စွက်ရန် လို၊ မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန်လို၊ မလို စသည်များကို သေချာစွာ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေရေးရာကိစ္စရပ်များကို နားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်တွင် ပကတိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် တည်ဆဲဥပဒေများကို နှိုင်းယှဉ်သုံးသပ်ပြီး နိုင်ငံသူ နိုင်ငံသားများကို ဥပဒေအကာအကွယ်အောက်တွင် ထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုနှင့်အစိုးရကြား ပြည်သူများ၏ လိုလားချက်များကို ကြားခံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေရမည့်သူများ ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင်ပြည်သူလူထုကြား ထဲထဲဝင်ဝင် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်သူ့လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ပြီး တိုက်ရိုက်ထိတွေ့ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်၏တာဝန်များကို ပြီးပြည့်စုံအောင်ဆောင်ရွက်ပေးနိုင်သည့် ကိုယ်စားလှယ်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ကဏ္ဍအသီးသီးမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ပြည်သူလူထုများ နားလည်ပြီး ပူးပေါင်းပါဝင်လာအောင် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု အကျပ်အတည်းဖြစ်စေသည့်ကိစ္စများကို နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ပြည်သူလူထု၏မျှော်မှန်းချက် မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်ရေးအတွက် စွမ်းရည်မြင့်မားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာလွှတ်တော်များ၊ အာဆီယံလွှတ်တော်များနှင့် နိုင်ငံတကာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းလွှတ်တော်အဖွဲ့အစည်းများနှင့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရန်လိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံတော်က အားကိုးရသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးတစ်ခုဖြစ်လာစေရေးနှင့်ပြည်သူလူထုကို အမှန်တကယ်အကျိုးပြုသည့်ပြည်သူလူထုအားကိုးရာ လွှတ်တော်တစ်ခုဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား တွေ့ဆုံသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမအား ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

မြဝတီ

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းမှုကို ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့သည် ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး) ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ပြုလုပ်သော နှစ် (၈၀) ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ပြီး သွေးလှူဒါန်းကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားကာ အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြန်လည်အဆင့်မြှင့် ပြင်ဆင်ထားသော အထူးကြပ်မတ်ကုသဌာန (ICU) နှင့် ပင်မဆေးကုသဆောင်ရှိ ထပ်မံတိုးချဲ့ထားရှိသော အရိုးနှင့်ထိခိုက်ဒဏ်ရာကုသဌာနတို့ကိုကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်လူနာ/လူနာစောင့်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ICU ထပ်မံတိုးချဲ့နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သူနာပြုကြီးများအားတွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုပိုမိုရရှိစေရေး၊ လူနာများ စောင့်ဆိုင်းရမှုအချိန်ကာလ လျော့ကျစေရေး၊ လူနာပြုစုကုသမှုများပိုမိုစနစ်ကျစေရေး၊ ပြည်သူမှစိုက်ထုတ်ကုန်ကျငွေ အတတ်နိုင်ဆုံးလျော့နည်းစေရေး၊ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများနှင့် ရင်းနှီးနွေးထွေးစွာဆက်ဆံရေး၊ လူနာများ



အပေါ် ပိုမိုဂရုစိုက်စောင့်ရှောက်ရေး၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ တာဝန်ထမ်းဆောင်ရေး၊ သေဆုံးသူလူနာများထားရှိရာ (Mortuary) အဆောက်အအုံသစ်အား သတ်မှတ်အချိန်ကာလအတွင်း အချိန်မီပြီးစီးအောင်ကြိုးစားဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးသို့ ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လူနာများ သက်သောင့်သက်သာကုသမှုခံယူနိုင်ရေး၊ ကုသမှုအရည်အသွေးပိုမိုမြင့်မားစေရေး၊ ဆေးစတိုတွင် ဆေးဝါးများစနစ်တကျထားရှိရေး၊ လူနာများအား စေတနာထားကုသပေးရေး၊ အဆောက်အအုံနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ယမန်နေ့ညနေပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးဝါးနှင့်စက်ပစ္စည်းဝယ်ယူဖြန့်ဖြူးရေးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ရောဂါပြင်းထန်မှုအလိုက် ဦးစားပေးကုသပေးနေမှု၊ အရေးပေါ်ဆေးကုသမှုဌာနများ၊ ဆေးနှင့်ဆက်စပ်ပစ္စည်းအသုံးပြုနေမှု၊ ဝန်ထမ်းအိမ်ရာများကိုကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လှိုင်သာယာမြို့နယ်အပါအဝင် ရန်ကုန်မြို့အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

✭ ရှေ့ဖုံးမှအဆက်

ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများပြုလုပ်ပြီး ဇလားပုံရေမြောင်းများဖောက်လုပ်လျက်ရှိမှုအခြေအနေများ၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာတံတားလမ်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုနှင့် လှိုင်မြစ်ထွက်ပေါက်ရေတံခါးများဆောက်လုပ်ထားရှိမှု၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ညောင်တုန်းလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှု၊ လမ်းမကြီးများတိုးချဲ့ရာတွင် ရွှေ့ပြောင်းရန်လိုအပ်သည့် လျှပ်စစ်မီးတိုင်များနှင့် ဆက်သွယ်ရေးတိုင်များအား ရွှေ့ပြောင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းဘေးဝဲယာများတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ပြအင်္ဂါရပ်များနှင့်အညီဖြစ်စေရေးအတွက် လမ်းများတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ RC Box Culvert များ တည်ဆောက်ထားရှိမှု၊ တံတားများတိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

❖ ရန်ကုန်မြို့အတွင်း ရေမြောင်းများပိတ်ဆို့မှုမရှိစေရေးအတွက် ရေဆိုးထုတ်စနစ်များ ကောင်းမွန်အောင် စနစ်တကျတွက်ချက်ဆောင်ရွက် . . .

❖ လှိုင်သာယာမြို့နယ်၏မြို့ပြစနစ်အား စနစ်တကျဖြစ်စေရေး Town Plan ကို စနစ်တကျတွက်ချက်ရေးဆွဲဆောင်ရွက် . . .

❖ ရန်ကုန်မြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် သတ်မှတ်ထားသည့်စည်းကမ်းများအား လိုက်နာမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက် . . .

❖ မြို့ပြလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန် လိုပြီး အများပြည်သူများအပန်းဖြေသည့် ပန်းခြံများ၊ ဥယျာဉ်များနှင့် အားကစားကွင်းများ တည်ဆောက်ရာတွင် မြို့ပြတွင်နေထိုင်သည့် လူဦးရေအပေါ်တွင် မူတည်တွက်ချက်၍ တည်ဆောက် . . .

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ရန်ကုန်မြို့အတွင်း လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ စနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းရှင်းမှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းမကြီးများတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စနစ်တကျတွက်ချက်ပြီး ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရပ်ကွက်များအတွင်း၌လည်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေမြောင်းများဖောက်လုပ်ရာတွင်လည်း ရေစီးဆင်းမှုများ အဆင်ပြေစေရန်အတွက် စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ရေစီးရေလာများကောင်းမွန်မှသာ အနံ့အသက်ဆိုးများထွက်ရှိမှု လျော့နည်းသွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ကိုက်ညီကာ သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိုးရာသီသို့မရောက်ရှိမီ အချိန်မီပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ရေမြောင်းများပိတ်ဆို့မှုမရှိစေရေးအတွက် ရေဆိုးထုတ်စနစ်များကောင်းမွန်အောင် စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် အမှိုက်စွန့်ပစ်သည့်စနစ်များကို စနစ်တကျဖြင့် အဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးသာယာလှပရေးအတွက်ပါ စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်လိုကြောင်း၊ လမ်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လူသွားလမ်းပလက်ဖောင်းများစနစ်တကျထည့်သွင်းတည်ဆောက်သွားရန်နှင့် ရေနုတ်မြောင်းများကိုလည်း စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်သွားလာမှုများ ပိုမိုလွယ်ကူလျင်မြန်စွာဖြင့် သွားလာနိုင်ရေး လမ်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားရန်နှင့် ယာဉ်များစနစ်တကျသွားလာနိုင်ရေး လမ်းညွှန်အမှတ်အသားများအား သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း။

လှိုင်သာယာမြို့နယ် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာများကောင်းမွန်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ အတိုင်းအတာတစ်ခုအထိ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ လှိုင်သာယာမြို့နယ်၏မြို့ပြစနစ်အား စနစ်တကျဖြစ်စေရေး Town Plan ကို စနစ်တကျတွက်ချက်ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြများအသစ်တည်ဆောက်ရာ၌ Town Plan ရေးဆွဲရာတွင် လယ်ယာမြေများဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်းရေစီး

➲ ကျောဖုံးမှအဆက်

နှမ်းဖြူ၊ နှမ်းညိုနှင့် နှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ကေကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၄၅၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ နှမ်းစိုက်တောင်သူများသည် နွေနှမ်းပေါ်ချိန်တွင် ထွက်ရှိလာသောနှမ်းများကို ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်သွားရောက်ရောင်းချကြပြီး ထိုပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ဒေသခံတောင်သူများသည် မိသားစုအတွက် စားသုံးဆီဖူလုံသည့်အပြင် အကျိုးအမြတ်ရရှိသောကြောင့် နှမ်းကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ဆောင်းဦး

## ရေချွေတာရေးနည်းလမ်းများ

- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ❖ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံးအသုံးပြုပါ။
- ❖ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- ❖ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။













ပလက်ဖောင်းအကြား၌ အရိပ်ရပင်များ စိုက်ပျိုးသွားရန်၊ ရေစီးရေလာကောင်းမွန်စေရေး စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ ညောင်တုန်းလမ်း၊ တပင်ရွှေထီးလမ်း၊ ကနောင်မင်းသားကြီးလမ်း၊ ခရေပင်လမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေးဆောင်ရွက်ထားရှိမှု၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄) လမ်းတစ်လျှောက် ရေနုတ်မြောင်းများအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ လမ်းနှင့်မလွတ်ကင်းသည့်ဓာတ်အားတိုင်များအားရွှေ့ပြောင်းဆောင်ရွက်ထားရှိမှုနှင့် လမ်းများအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မင်္ဂလာဒုံမြို့နယ်၊ လှော်ကားလမ်း၊ ပြည်လမ်း၊ နွယ်ခွေလမ်းမှတစ်ဆင့် အမှတ်(၃) လမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းတစ်လျှောက် လမ်းနယ်အတွင်း ကျူးကျော်ရောက်ရှိနေသည့် အခိုင်အမာအဖီအဆွယ်ဈေးဆိုင်ခန်းများအား စနစ်တကျဖြစ်စေရေးနှင့် လမ်းနယ်နိမိတ်ပြင်ပသို့ ပြန်လည်ရွှေ့ပြောင်း ပြီးစီးမှုအခြေအနေ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်မြို့အတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ရေလာကောင်းမွန်စေရေး သက်ဆိုင်ရာ အင်ဂျင်နီယာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းသုတေသနပြု၍ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာမှုရှိစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန်လိုပြီး အများပြည်သူများအပန်းဖြေသည့်ပန်းခြံများ၊ ဥယျာဉ်များနှင့် အားကစားကွင်းများတည်ဆောက်ရာတွင် မြို့ပြတွင်နေထိုင်သည့်လူဦးရေအပေါ်တွင် မူတည်တွက်ချက်၍ တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးရှိ ရေနုတ်မြောင်းနှင့် များကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မော်တော်ကားလမ်းများ လမ်းနယ်နိမိတ်စနစ်တကျဖြစ်စေရေး၊ လမ်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် သုံးသောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် မေ ၂**

ရန်ကုန်စတော့အိတ်ချိန်း၌ ဧပြီလနောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် သုံးသောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေရာ ဧပြီလ ၂၇ ရက်မှ ၂၉ ရက်အထိ စုစုပေါင်း ငွေကျပ် ၁၃၆၇၁၄၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅၁၇၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် အဆိုပါတစ်ပတ်တာကာလအတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၂၇၂၇၁၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ၂၀၉၄ စောင်အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၉၃၀၆၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၁၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၃၃၇၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၂၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၆၂၀၂၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၀၂၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၆၈၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၃၀ အရောင်းအဝယ် မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၇၇၈၉၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၅၄၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၂၀၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၇၅၇၅၀ တန်ဖိုးရှိစတော့ရှယ်ယာ ၁၉ စောင်အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၃၈၃၆၄၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၉၆၃၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects urban development, sanitation in Yangon including Hlaingthaya Township





President of the Republic of the Union of Myanmar U Min Aung Hlaing inspects road expansion, development and sanitation tasks in Hlaingthaya Township in Yangon Region.

NAY PYI TAW May 2

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Commander-in-Chief of Defence Services General Ye Win Oo, Union Ministers U Mya Tun Oo, U Htein Lin and U Myo Thant, Yangon Region Chief Minister U Aung Naing Thu, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, Yangon Mayor U Myo Myint Aung and officials, inspected urban development and sanitation tasks in Yangon including Hlaingthaya Township this morning.

First, the President and party arrived at Bayintnaung Park in Hlaingthaya Township and heard reports on implementation of instruction of the Head of State during the trip to the township in November, 2025, measures taken for proper location of communication cables along Ayeyarwady Road in Anawrahta Industrial Zone in Hlaingthaya (West) township, conducting field surveys and construction of trapezium-shaped ditches for proper drainage on both sides of Yangon-Pathein Road, steps taken for proper drainage along Shwepyithar Bridge in Hlaingthaya Township, construction of sluice gate of the Hlaing River, tasks carried out for smooth flow of ditch-water along Nyaungdon Road in Hlaingthaya (East) township, relocation of lampposts and communication towers for road expansion, sanitation tasks on both side of roads in Yangon Region, expansion and upgrades of roads to meet urban standards, construction of RC Box Culverts and expansions of bridges submitted by the chief minister of Yangon Region.

After hearing the reports, the President gave instructions, saying it is necessary to exert efforts for proper installation and safety of electricity and communication cable in Yangon, to conduct systematic surveys and carry out tasks for proper drainage along main roads as well as streets in wards and construct ditches systematically for proper drainage. The President also pointed out the need to make timely preparations ahead of the rainy season as a healthy and pleasant environment can be created by taking measures for proper drainage to reduce emission of awful smells, to conduct systematic surveys to prevent blockade of drainage systems in Yangon and to consistently carry out tasks for proper garbage systems. The President also gave instructions on taking urban pleasantness into proper consideration in construction works, systematically building pedestrian corridors in expansion of roads and drainage systems, conducting surveys for road upgrading tasks to facilitate traffic flows in Yangon and erecting road signs for systematic traffic flow in accordance with their standards.

Regarding the cleanliness, beauty, and proper drainage of Hlaingthaya Township, as well as its urban development, he stated that progress has been made to a certain extent. He emphasized that it is necessary to systematically calculate and formulate a Town Plan to ensure a structured urban system for Hlaingthaya Township. In developing new urban areas and drafting Town Plans, he noted that measures must be taken to prevent the loss of agricultural land. He further directed responsible officials from relevant engineering departments to conduct field research to ensure proper drainage within Yangon. To ensure compliance with traffic rules and road safety, he urged authorities to carry out educational activities and systematically supervise the adherence to established regulations. Furthermore, he highlighted that responsible officials must consider all aspects to ensure the cleanliness and beauty of Yangon. In carrying out urban projects, he stressed the need for systematic calculations and instructed that the construction of public recreation parks, gardens, and sports grounds must be based on the population density of the urban areas before concluding with other necessary instructions.

Subsequently, the President and his party inspected the measures taken for the cleanliness, beauty, and proper drainage of Hlaingthaya Township. He then provided guidance and instructions on planting shade trees between the drainage channels and pavements along the Yangon-Pathein Road, carrying out continuous maintenance to ensure smooth water flow, and addressing other necessary requirements.

Then, the President and his party inspected by car the progress of road upgrading and alignment with urban road standards along Bo Aung Kyaw Road, Nyaungdon Road, Tabin Shwe Htee Road, Kanaung Min Thar Gyi Road, and Khayay Pin Road in Hlaingthaya Township. They also examined the upgrading of drainage systems along No. 4 Road in Shwepyithar Township, the relocation of power poles obstructing road works, and the expansion of road networks. Furthermore, he inspected the systematic reorganization and successful relocation of permanent extensions and stalls encroaching on the road areas along Hlawga Road, Pyay Road, and Nwe Khway Road toward No. 3 Main Road in Mingaladon Township, as well as along Thudamar Road in North Okkalapa Township. Based on the reports from responsible officials, he provided guidance on ensuring systematic road boundaries, maintaining road standards, and addressing other necessary requirements.

100

# Summer paddy planted on the earmarked acres in Kangyidaunt Township

KANGYIDAUNT May 2

According to Pathein District Agriculture Department, local farmers have planted summer paddy meeting the target cultivation in Kangyidaunt Township of Ayeyawady Region.

During this year's summer cropping season in Kangyidaunt Township, 76,660 acres of paddy were targeted for cultivation. Planting began in the second week of January this year, and all 76,660 acres of paddy have now been fully planted as of today.

"During this year's summer cropping season, Kangyidaunt Township targeted the cultivation of more than 76,600 acres of paddy. At present, the entire planned acreage of summer paddy has been fully planted as targeted. In order to ensure that the paddy could be cultivated completely and without difficulty, the Department of Agriculture conducted field visits and awareness activities for farmers even before planting began. As a result, we were able to achieve 100 percent planting," said Daw Aye Aye Mu, Head of the Pathein District Department of Agriculture.

In Kangyidaunt Township, during this year's summer cropping season, the Department of Agriculture, the Department of Agricultural Mechanization, and the Irrigation and Water Utilization Management Department, together with other relevant organizations, cooperated to ensure that the entire planned acreage of summer paddy could be cultivated systematically and without difficulty. It is also learned that further activities will be carried out to ensure good yields, high quality, and protection from pest infestations for the summer paddy crops.



SK

# More than 1,000 acres of chilli harvested in Sagaing District



SAGAING May 2

Sagaing District Agriculture Department stated that local farmers have harvested more than 1,000 acres of chilli in Sagaing District of Sagaing Region.

In Sagaing District, a total of 2,295 acres of chilli peppers were cultivated during the winter cropping season. Harvesting of the cultivated chilli fields began in February this year, and 1,903 acres have been harvested to date, with an average yield of more than 300 viss per acre.

"During the winter cropping season in Sagaing District, chilli peppers were cultivated on 2,295 acres. At present, the chilli fields are being harvested. As of today, more than 1,000 acres have already been harvested. The condition of chilli cultivation is good. Efforts have also been made to encourage farmers to cultivate chilli peppers on a commercial scale," said Daw Myat Moe Win, Head of the Department of Agriculture in Sagaing District.

In terms of harvesting by township within Sagaing District, 1,164 acres have been harvested in Sagaing Township, 340 acres in Myinmu Township, and 399 acres in Myaung Township, totalling 1,903 acres.

Officials from the District and Township Departments of Agriculture have provided support to chilli farmers by offering technical guidance on cultivation methods to improve yields and secure markets, as well as advice on pest control and soil nutrient management to enhance soil fertility.

The cost of cultivating chilli peppers from planting to fruiting is about Ks-1.5 million per acre on owned farmland, and around Ks-2.5 million per acre on leased farmland. Chilli peppers can be harvested every 15 days and the harvesting period can continue for up to six months. The yield at the initial harvest is about 100 viss per acre, while in the following weeks it increases to between 400 and 500 viss per acre.

SMK

# Mawlaik Township harvests over 1,000 acres of winter haricot beans

MAWLAIK May 2

Over 1,000 acres of haricot beans planted during the winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, have been harvested, according to the statistics of the Department of Agriculture for Mawlaik District.

The Mawlaik Township has been able to plant 2,135 acres of haricot beans during the winter crops planting season, and the haricot bean fields have been harvested since January this year. To date, 1,779 acres have been harvested, yielding more than 19 baskets per acre.

"Haricot bean cultivation has expanded beyond the target area. We have provided farmers with good quality seeds, inputs, and post-harvest technology to improve the yield and quality of the crop," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In Mawlaik Township, farmers who grow haricot beans have been provided with awareness-raising activities by the Township Agriculture Department to help them expand their cultivated areas, improve their yields, and cultivate good varieties using the GAP system. SK

# Puffer fish trading high at domestic market in MaubinTownship

MAUBIN May 2

Trading of puffer fish is booming at the dometic market with high demand in Maubin Township of Ayeyawady Region, said Daw Khaing Khaing Lin, the owner of fisheries trading in Maubin Township.

Starting from the second week of March this year up to the present, buying demand has been strong and trading has been active in the fish market in Maubin Township. It is reported that up to 5,000 viss of puffer fish are traded daily in the market.

"Among aquatic products, puffer fish are currently being traded more frequently. Although they are among the higher-priced fish varieties, trading remains strong. This may be due to the increasing number of consumers. Besides local demand, they are also being traded in the Yangon market. The main reason is that buyers from Yangon are purchasing the puffer fish shipped from this area. Puffer fish are regularly arriving at local wholesale centers, and the fish entering these centers are also fresh. As exports increase, those involved in the fisheries sector and related businesses are doing well," said Daw Khaing Khaing Lin.

Seafood traders in Maubin Township purchase puffer fish and other locally produced aquatic products, inspect and clean them systematically, and then distribute and ship them to the areas where they are purchased. The market price of puffer fish currently ranges from Ks-18,000 to Ks-22,000 per viss.

SK

# Seven OPEC+ countries plan to increase oil production limits



MOSCOW May 2

Russia, Saudi Arabia, Iraq, Kuwait, Algeria, Kazakhstan, and Oman have preliminarily agreed to increase the target production by approximately 188,000 barrels per day in June, despite the UAE leaving the alliance, media reported.

"Seven OPEC+ countries have an agreement in principle to raise oil output targets by about 188,000 barrels per day in June, the third consecutive monthly increase, pressing on with plans despite the war and the departure of the United Arab Emirates from the group this week," the report said.

The sources noted that the increase in the production limit is comparable to the May increase of 206,000 barrels per day, it will simply exclude the UAE's share, as the UAE announced its withdrawal from OPEC and OPEC+.

The actual quota increase will be symbolic because shipping through the Strait of Hormuz - a key route for oil supplies from Gulf countries - remains constrained.

The meeting of the seven countries is scheduled to be held online on Sunday, where they plan to discuss oil production levels for June.

**Sputnik**

# U.S. military forces 48 vessels to redirect during blockade of Iranian ports

WASHINGTON May 2

The U.S. military has forced 48 vessels to redirect during the U.S. blockade of Iranian ports as of Tuesday, the U.S. Central Command said Saturday.

The ships "have been redirected to ensure compliance with the blockade," the command said in a post on social media platform X.

U.S. President Donald Trump said Wednesday that he will keep Iran under the U.S. naval blockade until Tehran agrees to a deal with Washington on its nuclear program.

The United States has imposed a blockade on the Strait of Hormuz, preventing ships from transiting to and from Iranian ports, following the failure of Iran-U.S. negotiations in Islamabad, Pakistan, on April 11-12 to reach an agreement.

**Xinhua**

# 7 killed as heavy rains lash Algeria



ALGIERS May 2

Seven people were confirmed dead and six others rescued following heavy rains that triggered flooding in several parts of Algeria, civil defence authorities said on Friday and Saturday.

Five of the victims died late Friday after a vehicle was swept away by floodwaters in M'sila province, about 250 km southeast of the capital Algiers.

The tragedy occurred when a utility vehicle carrying 11 people attempted to cross the usually dry riverbed of Oued Ain Sebaa in the municipality of Tamsa. Rising waters caused by heavy rains suddenly engulfed the vehicle, dragging it downstream.

Civil defence units intervened and launched a large-scale rescue operation. The six survivors were rescued, received medical care, and were then transferred to the hospital.

Meanwhile, the body of a 15-year-old boy was recovered by civil defence units in the western province of Relizane after he went missing in the municipality of Djdiouia.

In the same province, civil defence teams recovered the body of an 18-year-old man following a search operation in Gargar dam in the municipality of Ammi Moussa.

Heavy rains have affected several regions of the country in recent days, raising water levels in seasonal rivers and posing risks to residents, particularly in low-lying areas.

**Xinhua**

# Death toll in Indonesia train-car collision rises to 5

JAKARTA May 2

The death toll from a train-car accident in Grobogan, Central Java, Indonesia, rose to five, police said Saturday.

Kumala EnggarAnjarani, a local police officer, said the latest victim had been referred to a hospital in Semarang before being pronounced dead, bringing the death toll from four to five.

The accident occurred on Friday night at a level crossing in Sidorejo village, where a car carrying nine people was hit by a train and thrown about 20 meters before falling into a rice field.

An investigation is underway, while the community-managed crossing was reportedly unattended at the time of the accident.

**Xinhua**

# Pentagon strikes deals with top AI companies

WASHINGTON May 2

The Pentagon has said that it has reached deals with major artificial intelligence firms to integrate their advanced AI capabilities into the agency's classified networks.

The US Department of War has been actively negotiating with the industry's leaders since the start of the year as it is trying to expand the application of AI in military operations and diversify the range of companies that provide the technology.

It is going ahead with the push despite concerns among experts regarding the ability of the AI to reliably operate within the existing laws of war and its possible use to invade the privacy of civilians in peacetime.

Agreements have been struck with SpaceX, OpenAI, Google, NVIDIA, Reflection, Microsoft, Amazon Web Services and Oracle to deploy their AI systems for "lawful operational use," the Pentagon said in a statement on Friday.

Artificial intelligence will be integrated into the Department of War's Impact Level 6 and Impact Level 7 networks to "streamline data synthesis, elevate situational understanding, and augment warfighter decision-making in complex operational environments," the statement read.

The US Department of War's official AI platform, GenAI.mil, has been used by over 1.3 million personnel in the last five months, "generating tens of millions of prompts and deploying hundreds of thousands of agents," it said. According to the Pentagon, the technology has allowed the execution of certain tasks to be sped up "from months to days."

Notably, the statement excluded another major AI startup, Anthropic, which had a falling out with the Pentagon earlier this year after it refused to loosen safeguards for its technology. The company argued that its AI could be used for domestic surveillance or the deployment of automatic weapons without human oversight.

The Department of War responded by designated Anthropic a "supply-chain risk," a rare label typically reserved for entities linked to Washington's foreign adversaries, effectively sidelining the firm from any future contracts.

US Secretary of War Pete Hegseth branded Anthropic CEO Dario Amodei an "ideological lunatic" during a US Senate hearing earlier this week. Hegseth compared the company's reluctance to agree to Pentagon's terms to "Boeing giving us airplanes and telling us who we can shoot at."

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Parents warned not to give children trendy oat and soya milks or they're risking obesity, tooth decay and malnutrition, warn medics

Parents should avoid giving young children oat and soya milks because they risk causing obesity, tooth decay and malnutrition, medics have warned.

Doctors, dentists and dietitians have issued new joint guidance advising parents not to give children under five plant-based milk alternatives, which can be high in sugar and low in vital nutrients.

It is the first time UK health professionals have explicitly advised parents to avoid sweetened dairy-free milks, particularly those aimed at young children.

The products can be expensive and misleadingly marketed as healthy options, with organic versions the least likely to be fortified with the nutrients children need, experts warned.

Instead, they recommended parents of young non-breastfed children who avoid dairy to choose unsweetened, fortified soya, oat or pea milks, which are available in supermarkets.

The new advice to parents, to be issued next week, said any products marketed as 'growing-up' or 'toddler' milks were 'not recommended' and that plant-based versions should be avoided.

In a statement, the health professionals said: 'We recommend that families choose unsweetened (without free sugars or non-sugar sweeteners) and fortified plant-based drinks, to prevent these products from adding unnecessary free sugars to the diets of children aged one year and over and to provide a source of micronutrients.'



Experts recommended parents of young non-breastfed children who avoid dairy to choose unsweetened, fortified soya, oat or pea milks, which are available in supermarkets.

The guidance also advises healthcare professionals to 'proactively ask what plant-based drinks are being offered to children, and educate parents and carers on choosing the best option'.

The recommendations were issued by the British Society for Allergy & Clinical Immunology (BSACI) and backed by the British Dental Association (BDA) and the Food Allergy Specialist Group of the British Dietetic Association (FASG).

Professor Robert Boyle, an NHS consultant paediatric allergist and co-author of the paper, said he regularly saw children in his clinics who drank plant-based 'growing-up' milks and needed teeth extractions due to their high sugar intake.

'I see struggling families in my clinics who are spending money on these products, thinking they are doing the best for their child, because they have been led to believe they are good for them – it makes me so upset to see it,' he said. 'These plant-based milks are unregulated ultra-processed products, which are expensive and unhealthy. They are not appropriate for young children.'

In a linked editorial, in the Journal of the BSACI, Prof Boyle and colleagues said parents were being misled by the health claims on the packaging of plant-based drinks.

'Plant-based drinks are widely marketed as nutritionally comparable alternatives to cow's milk; however, this equivalence is not supported by current evidence,' the authors wrote.

'"Growing-up" and "toddler" milks are frequently promoted as supporting optimal growth and development beyond infancy… [But] most plant-based toddler drinks contain free or added sugars such as glucose syrup, maltodextrin, sucrose, fructose or other refined carbohydrates.'

They said research suggested children may struggled to absorb added nutrients like calcium and vitamin B12 from plant-based drinks, even where they have been included in the ingredients.

One large 350ml glass of a typical 'growing-up' soya milk drink can contain up to 30g of added sugars, while an oat-based drink can contain 21g – far exceeding the recommendation that two to three-year-olds consume less than 14g of added sugars per day.

In 2024, research by the children's health charity First Steps Nutrition Trust found children who drunk toddler or growing up milks every day consumed more than 1lb (480g) of extra added sugars a month, on average.

Commenting on the new guidance, the charity's director Dr Vicky Sibson said the Government needed to 'step up' to regulate the contents and marketing of drinks aimed at children over one year old, which are currently exempt from the strict rules governing milks for under-ones.

'Unchecked marketing is misleading parents into believing that these expensive products are a healthy and appropriate choice for their young children – with claims emphasising all the added vitamins and minerals and how they support growth and even cognitive development – when more often than not they are full of sugar. The health halo around the plant-based options is especially misplaced, given they have the highest sugar content of all.'

In response, Natasha Bye, chief executive of the industry representative body the British Specialist Nutrition Association (BSNA), said: 'It is important that families have access to a range of options that meet the nutritional needs of their children, including those who follow a plant-based diet or have a lactose intolerance.

'These products play an important role in supporting the healthy development of young children and include key nutrients that young children are often at risk of not consuming enough of, including iron, omega 3 fatty acid and vitamin D.'

**Mail Online**

# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းနှင့် လှိုင်နယ်မြေအတွင်းရှိ သိပ္ပံပစ္စည်းအလုပ်ရုံတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ရှိကျောင်းဝင်းအတွင်း အပန်းဖြေရိပ်သာ ( Recreation Centre ) တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘွဲ့နှင်းသဘင်တည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ်ဒေါက်တာမျိုးမင်းထွန်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာအောင်နှင့် အင်ဂျင်နီယာမှူးများက အဆောက်အအုံဆောက်လုပ်မည့် အခြေအနေကိုရှင်းလင်းတင်ပြကြရာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်းအတွင်းရှိ ဘောလုံးကွင်း၊ အားကစားရုံနှင့်ကန်တင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တက္ကသိုလ်များ လှိုင်နယ်မြေအတွင်းရှိသိပ္ပံပစ္စည်းအလုပ်ရုံဌာနသို့ ရောက်ရှိရာ သိပ္ပံပစ္စည်းအလုပ်ရုံဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်စွာမင်းနှင့် စက်ရုံမှူးတို့က အလုပ်ရုံဌာနနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်ကြားရေးအတွက် ထုတ်လုပ်ထားသော funnel ပြခန်း၊ ကျောင်းများတွင်အသုံးပြုနိုင်ရန် သင်ထောက်ကူပစ္စည်းများ ထုတ်လုပ်သည့် အလုပ်ရုံအခန်းများဖြစ်သည့် Electronics Section၊ Oxygen Generator (လုပ်ငန်းသုံး)၊ Wood Finish Section၊ Optical Section၊ Glass Blowing Section၊ Foundry Section၊ Plastics Section ၊ Moulds and Dies Section၊ Machine Shop Section တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ့မျိုးရင်း ရေချိုပုစွန်တုပ်ကြီးကို အောင်မြင်စွာသားဖောက်မွေးမြူထုတ်လုပ်



ရန်ကုန် မေ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ် ကျောက်တန်းမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာန ရေချိုပုစွန်သားဖောက်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဦးစွာ ကျောက်တန်းရေချိုပုစွန်စခန်းသို့ ရောက်ရှိရာ ပုစွန်သားဖောက်လုပ်ငန်းများ ကြီးကြပ်စီမံသူ ဒုတိယညွှန်ကြားရေးမှူးက ရေချိုပုစွန် သားဖောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ရေချိုပုစွန်သားဖောက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို လက်တွေ့ကွင်းဆင်းပြသသည်။

ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက ၁၉၉၆ ခုနှစ်ကစတင်ကာ ရေချိုပုစွန်သားဖောက်လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနမှပညာရှင်များက နည်းပညာဖြန့်ဖြူးပေးခဲ့မှုအရ ပုဂ္ဂလိကလုပ်ငန်းရှင်များက သားဖောက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ်တွင် ရောဂါကျရောက်မှုကြောင့် လုပ်ငန်းများရပ်တန့်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ထိုင်းနိုင်ငံမျိုးများ တင်သွင်းပြီး သားဖောက်လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါတွင် မိမိတို့မြန်မာနိုင်ငံမျိုးရင်း ရေချိုပုစွန်ကို သားဖောက်ထုတ်လုပ်ပြီး ၂၀၂၆-၂၀၂၇ ခုနှစ်မှစတင်၍ လုပ်ငန်းရှင်များကို ပုစွန်သားပေါက်များ ဖြန့်ဖြူးစေမည်ဖြစ်ကြောင်း၊ ၂၀၂၇ ခုနှစ်မှစ၍ လုပ်ငန်းရှင်များကိုယ်တိုင် သားဖောက်ထုတ်လုပ်ပြီး မြန်မာ့မျိုးရင်းပုစွန်များ ပြည်တွင်းဖူလုံစွာထုတ်လုပ်နိုင်ရေး၊ ပိုလျှံပါက ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့် ညွှန်ကြားထားသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပုဂ္ဂလိကမွေးမြူရေးခြံများဖြစ်သော မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရှိ “အားမာန်” နို့စားနွားမွေးမြူရေးခြံနှင့် (TM) နို့စားနွားမွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးခြံများသည် လွန်ခဲ့သော ၂၃ နှစ်ကျော်က စတင်တည်ထောင်မွေးမြူခဲ့သောခြံများဖြစ်ရာ ခေတ်စနစ်နှင့်အညီ စနစ်တကျမွေးမြူနိုင်ရေး ပြုပြင်လုပ်ဆောင်သွားရန်၊ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးနှင့်အညီ ဆောင်ရွက်ရန်၊ နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်ရာတွင် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်၊ တိရစ္ဆာန်အစာအဖြစ် စိုက်ပျိုးထားသော အာဟာရမြက်များအား ရာသီမပြတ် ထုတ်လုပ်ကျွေးမွေးနိုင်ရေး စနစ်တကျဆောင်ရွက်ရန်၊ လက်ရှိကျွေးမွေးဆောင်ရွက်နေသော ပြည်တွင်းစိုက်ပျိုးရေးထွက်ကုန်များ၊ စွန့်ပစ်ဟင်းသီးဟင်းရွက်စိမ်းများနှင့် ရောစပ်ကျွေးမွေးရန်တို့ကို ဆွေးနွေးမှာကြားသည်။

“အားမာန်” နို့စားနွား မွေးမြူရေးခြံ၌ နို့စားနွား ကောင်ရေ ၃၄၀ မွေးမြူထားပြီး နို့ပေးနွားမ ကောင်ရေ ၁၁၈ ကောင်မှ နေ့စဉ် နွားနို့ပိဿာ ၆၅၀၊ (TM) နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားကောင်ရေ ၇၅၀ မွေးမြူထားပြီး နို့ပေးနွားမကောင်ရေ ၃၀၀ မှ နေ့စဉ် နွားနို့ပိဿာ ၁၅၀၀ ရရှိကြောင်း၊ ထွက်ရှိသော နွားနို့၊ နို့စိမ်း၊ ဒိန်ချဉ်၊ ထောပတ် စသည်တို့အား ရန်ကုန်မြို့ရှိ ကုန်တိုက်များသို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်း-လက်ပံခါးလှ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများထံပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပျဉ်းမနားမြို့ ကံဦးကျေးရွာအုပ်စု ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ကြိုဆိုပါ၏ ဆိုင်းဘုတ်အထိ မြို့အဝင်လမ်း ဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန် ရေလယ်ဘုရားသို့သွားရောက်ဖူးမြော်ပြီး အလှူငွေများပေးအပ်လှူဒါန်းကာ ရှမ်းကန် ပတ်လည် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေး၍ ရှမ်းကန်ပတ်လည်သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်၊ အများပြည်သူ အပန်းဖြေနေရာများ အမြဲမပြတ် ပြုပြင်ထိန်းသိမ်းခြင်းများ စနစ်တကျဆောင်ရွက်သွားရန်မှာကြားသည်။

အလားတူ နေပြည်တော်တစ်ဝန်း ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျန်ရှိသည့် မြို့နယ်များတွင်လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ ပန်းမြိုင်လယ်ဥယျာဉ်သို့သွားရောက်ပြီး အများပြည်သူ လာရောက်လည်ပတ်အပန်းဖြေနေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ရာသီအလိုက် အလှပန်းပင်များနှင့် နှစ်ရှည်ပင်များစိုက်ပျိုးကာ နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံးစိမ်းလန်းစိုပြည်စေရေးဆောင်ရွက်သွားရန်၊ ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်မှာကြားသည်။

ပန်းမြိုင်လယ်ဥယျာဉ်သည် ပျဉ်းမနားမြို့ ရာဇဌာနီလမ်း ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းအနီးတည်ရှိပြီး နေ့စဉ် နံနက် ၇ နာရီမှ ည ၆ နာရီအထိ ဖွင့်လှစ်ထားရှိကာ အများပြည်သူများအနေဖြင့် ဥယျာဉ်အတွင်းရှိ နှစ်ရှည်ပင်များနှင့် ပန်းမျိုးစိတ် ၁၀၀ ကျော်စိုက်ပျိုးထားမှုကို အခမဲ့ဝင်ရောက် အပန်းဖြေလေ့လာနိုင်ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နောက်ထပ် ကမ္ဘာ့အချက်အချာနေရာအသစ်အပေါ် အိန္ဒိယရဲ့ရင်းနှီးမြှုပ်နှံမှုကိုမျှော်ကြည့်ခြင်း



ကမ္ဘာပေါ်မှာ အရေးပါတဲ့ကုန်သွယ်ရေကြောင်းလမ်းတွေထဲမှာ အရေးအပါဆုံးဖြစ်တဲ့ ဟော်မုရေလက်ကြားကတော့ ထွက်လို့မလွယ်အောင်ပိတ်ဆို့ခံထားရပါတယ်။ ဒါဆိုရင် ဟော်မုရေလက်ကြားကို အသုံးမပြုနိုင်တာနဲ့ပဲ ရေကြောင်းကုန်သွယ်ရေးက ရပ်သွားမှာလားဆိုတော့ ဒီလိုဖြစ်လာစရာအကြောင်းမရှိပါဘူး။ ဘာကြောင့်လဲဆိုရင် ကမ္ဘာ့ကုန်သွယ်ရေးပမာဏရဲ့ ဖ၀ ရာခိုင်နှုန်းဖြတ်သန်းသွားလာနေတဲ့ နောက်ထပ်နေရာတစ်ခုရှိနေသေးလို့ပါပဲ။ အဲဒီနေရာကတော့ မလက္ကာရေလက်ကြားပါ။ သူက အိန္ဒိယသမုဒ္ဒရာနဲ့ တောင်တရုတ်ပင်လယ်တို့ကြားမှာ ဆက်သွယ်ပေးထားတဲ့ အရေးပါတဲ့ကုန်သွယ်ရေကြောင်းလမ်းကြီးဖြစ်ပါတယ်။

အီရန်ပဋိပက္ခကြောင့် ဟော်မုရေလက်ကြားအခြေအနေမတည်ငြိမ်တာနဲ့အမျှ မလက္ကာရေလက်ကြားအပေါ် ကမ္ဘာ့နိုင်ငံများရဲ့စိတ်ဝင်စားမှုက တစ်ဖန်ပြန်လည်မြင့်တက်လာပါတယ်၊ ဒီမလက္ကာရေလက်ကြားကိုလွှမ်းမိုးနေတဲ့ကျွန်းတစ်ကျွန်းရှိပါတယ်။ အဲဒီကျွန်းက ဂရိတ်နီကိုဘားကျွန်းဖြစ်ပြီး သူ့ကိုပိုင်ဆိုင်သူကတော့ အိန္ဒိယနိုင်ငံဖြစ်ပါတယ်၊ ဂရိတ်နီကိုဘားကျွန်းစုကိုပိုင်ဆိုင်ခြင်းအားဖြင့် အထူးစီးပွားရေးဇုန်နယ်မြေအဖြစ် စတုရန်းကီလိုမီတာသုံးသိန်းကိုလည်း ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ အဲဒီပိုင်ဆိုင်မှုထဲမှာ ရေအောက်သယံဇာတတွေနဲ့ ဟိုက်ဒရိုကာဗွန်အရင်းအမြစ်တွေများစွာပါဝင်နေပါတယ်။

ဂရိတ်နီကိုဘားကျွန်းက အိန္ဒိယနိုင်ငံရဲ့ တောင်ပိုင်းစွန်းမှာရှိတဲ့ကျွန်းဖြစ်ပေမယ့်လည်း ပင်မကုန်းမြေနဲ့ဆိုရင် တော်တော်လေးကိုဝေးလံတဲ့နေရာမှာရှိနေတာပါ။ ဒါပေမဲ့လည်း ဒီကျွန်းဟာ အိန္ဒိယနိုင်ငံအတွက်တော့ မဟာဗျူဟာမြောက်အချက်အချာကျတဲ့နေရာတစ်ခုဖြစ်နေပါတယ်။ ဒါကြောင့် အိန္ဒိယအစိုးရက ဒေါ်လာ ၉ ဒသမ ၉ ဘီလီယံ ကုန်ကျမယ့် အခြေခံအဆောက်အအုံစီမံကိန်း (Great Nicobar Development Plan) ကို အကောင်အထည်ဖော်ပြီး အိန္ဒိယရဲ့အဆင့်မြင့်ဆုံး ရေ့တန်းစခန်းအဖြစ်ပြောင်းလဲဖို့ အားသွန်ခွန်စိုက် ပြင်ဆင်လာနေတာပဲဖြစ်ပါတယ်။

အန်ဒမန်နဲ့ နီကိုဘားကျွန်းစု (ANI) အကြောင်းကို အသေးစိတ်ကြည့်မယ်ဆိုရင် စုစုပေါင်း ကျွန်းပေါင်း ၈၃၆ ကျွန်းလောက်ရှိပြီး စတုရန်းကီလိုမီတာ ၈၂၄၉ မီတာ ကျယ်ဝန်းပါတယ်။ ဒါပေမဲ့ လူနေထိုင်တာက ၃၁ ကျွန်းလောက်ပဲရှိပါတယ်။ ဒီကျွန်းစုတွေဟာ အိန္ဒိယပြည်မကြီးနဲ့ ကီလိုမီတာ ၁၃၀၀ ကျော်ဝေးကွာနေပေမယ့် အိန္ဒိယနိုင်ငံအတွက်တော့ အိန္ဒိယသမုဒ္ဒရာထဲမှာ သူတို့ရဲ့အင်အားကိုပြသနိုင်ဖို့ အကောင်းဆုံးသောရေတပ်နဲ့လေတပ်အခြေစိုက်စခန်းနေရာတွေဖြစ်ပါတယ်။ အဲဒီစခန်းတွေက တောင်အာရှနဲ့အရှေ့တောင်အာရှတို့ကြားမှာ အရေးပါတဲ့တံတားတစ်စင်းအဖြစ် တာဝန်ယူပေးမှာဖြစ်တဲ့အပြင် မလက္ကာရေလက်ကြားကိုလွှမ်းမိုးမယ့် အိန္ဒိယအတွက် အရေးပါတဲ့ဂိတ်ပေါက်တွေဖြစ်ပါတယ်။

အထူးသဖြင့် ဂရိတ်နီကိုဘားကျွန်းရဲ့ အစွန်းဆုံးနေရာဖြစ်တဲ့ အင်ဒီရာပွိုင့် (Indira Point) ဟာ အင်ဒိုနီးရှားရဲ့ ရွှန်ဒိုကျွန်းနဲ့ ၁၄၅ ကီလိုမီတာပဲဝေးသလို မလက္ကာရေလက်ကြားရဲ့ အနောက်ဘက်အဝင်ဝနဲ့လည်း ကီလိုမီတာ ၁၆၀ ပဲဝေးပါတယ်။ ဒီရေလက်ကြားဟာ ကီလိုမီတာ ၈၀၀ လောက်ရှည်လျားပြီး အကျဉ်းဆုံးနေရာမှာ ၃ ကီလိုမီတာတောင် မပြည့်တာကြောင့် ရေလမ်းကြောင်းပိတ်ဆို့မှုအန္တရာယ်အမြဲရှိနေပါတယ်၊ ဒါကြောင့်အိန္ဒိယဟာ ဒီကျွန်းကနေမှတစ်ဆင့် တရုတ်ရဲ့ဩဇာလွှမ်းမိုးမှုကို ဟန့်တားဖို့နဲ့ ပင်လယ်ပြင်အတွင်း တရားမဝင်ငါးဖမ်းတာ၊ မူးယစ်ဆေးဝါးမှောင်ခိုကူးတာနဲ့ ပင်လယ်ဓားပြဘေးတွေကို ရှေ့တန်းကနေကာကွယ်သွားမှာဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍမှာလည်း ဒီစီမံကိန်းဟာ အလွန်ကြီးမားပါတယ်။ ကျန်းမာရေးနဲ့ အပန်းဖြေခရီးသွားလုပ်ငန်းကို အဓိကစီးပွားရေးမောင်းနှင်အားအဖြစ်ထားပြီး စတုရန်းကီလိုမီတာ ၁၆၆ ကီလိုမီတာကျယ်တဲ့မြေနေရာပေါ်မှာ ခေတ်မီမြို့ပြတွေကိုဖော်ဆောင်သွားမှာပါ။ ရင်းနှီးမြှုပ်နှံမှုပမာဏထဲက ၄၀ ရာခိုင်နှုန်းကိုမြို့ပြတည်ဆောက်ဖို့သတ်မှတ်ထားပြီး ကျန်တာတွေကိုတော့ အထူးစီမံကိန်းတွေအတွက် ဖယ်ထားပါတယ်။ စီမံကိန်းထဲမှာ 450 MVA ထုတ်လုပ်နိုင်တဲ့ ဓာတ်အားပေးစက်ရုံ၊ နိုင်ငံတကာကုန်တင်ကုန်ချဆိပ်ကမ်း၊ လေဆိပ်နဲ့ မြို့သစ်တစ်ခုတည်ဆောက်ဖို့ပါဝင်ပါတယ်။ ဒီဆိပ်ကမ်းဟာ စင်ကာပူ ဒါမှမဟုတ် ကိုလံဘိုလို နိုင်ငံခြားဆိပ်ကမ်းတွေအပေါ် မှီခိုနေရမှုကိုလျှော့ချပေးနိုင်မှာပါ။ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီရဲ့ ဖွံ့ဖြိုးပြီးအိန္ဒိယ (Viksit Bharat) မျှော်မှန်းချက်အရ ၂၀၄၇ ခုနှစ်မှာ စီမံကိန်းအားလုံး အပြီးသတ်မှာဖြစ်ပါတယ်။ ၂၀၅၅ ခုနှစ်မှာတော့ ဒီကျွန်းမှာနေထိုင်သူသုံးသိန်းကျော်အထိရှိလာဖို့နဲ့ တစ်နှစ်ကိုကမ္ဘာလှည့်ခရီးသွားတစ်သန်းကျော်လာရောက်ဖို့အထိ မျှော်မှန်းထားပါတယ်။

စွမ်းအင်ကဏ္ဍမှာဆိုရင်လည်း ဒီကျွန်းစုတွေဟာ အိန္ဒိယအတွက် ရတနာသိုက်ကြီးဖြစ်လာနိုင်ပါတယ်။ ရေအောက်မှာ ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့သိုက်ကြီးက တန်ချိန် ၃၇၁ သန်းလောက်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ ၂၀၂၅ ခုနှစ်အတွင်းမှာ အနက် ၂၉၅ မီတာအထိတူးဖော်ရှာဖွေမှုတွေအရ မီသိန်းဓာတ်ငွေ့ ၈၇ ရာခိုင်နှုန်းပါဝင်တဲ့သိုက်တွေကို တွေ့ရှိရတာကြောင့် ဒါဟာ အိန္ဒိယရဲ့ စွမ်းအင်ဖူလုံရေးအတွက် ကြီးမားတဲ့အားကိုးရာဖြစ်လာမှာပါ။ အစိုးရအနေနဲ့လည်း Open Acreage Licensing Program ကတစ်ဆင့် ဒီဒေသမှာ ရေနံနဲ့ ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းတွေပိုပြီးမြန်ဆန်အောင် ရင်းနှီးမြှုပ်နှံမှုတွေဖိတ်ခေါ်နေပါတယ်။ ဒါဟာ ကျောက်မီးသွေးကနေ သန့်ရှင်းတဲ့စွမ်းအင်ဆီကို ကူးပြောင်းဖို့ အိန္ဒိယရဲ့ကြိုးပမ်းချက်အတွက်လည်း အလွန်အရေးကြီးတဲ့ ခြေလှမ်းတစ်ခုဖြစ်ပါတယ်။

စစ်ရေးဘက်ကနေကြည့်ရင်လည်း ဒီကျွန်းစုက အိန္ဒိယရဲ့ အင်အားအကြီးဆုံး ခံစစ်ကုန်းမြေဖြစ်လာမှာပါ။ အန်ဒမန်နဲ့ နီကိုဘားစစ်ဌာနချုပ်ဟာ အိန္ဒိယရဲ့ တစ်ခုတည်းသော ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဌာနချုပ်ဖြစ်ပါတယ်။ ဒီကျွန်းစုမှာ အရေးပါတဲ့ စစ်အခြေစိုက်စခန်းအများကြီးရှိပါတယ်။ ဥပမာအားဖြင့်- လေကြောင်းစစ်ဆင်ရေးဌာနချုပ်ဖြစ်တဲ့ ပေ့ါဘလဲ၊ ကျွန်းစုမြောက်ဘက်ပိုင်းကိုစောင့်ကြည့်ရေးလေတပ်စခန်းဖြစ်တဲ့ ဒီဂလီပူရ၊ မလက္ကာရေလက်ကြားရဲ့ တည့်တည့် တောင်ဘက်အစွန်ဆုံးလေတပ်စခန်းဖြစ်တဲ့ ကမ့်ဘဲဘေးစတာတွေဖြစ်ပါတယ်။

စီမံကိန်းပြီးသွားရင် Rafale နဲ့ Su-30 MKI လိုမျိုး တိုက်လေယာဉ်တွေဟာ ဒီကျွန်းကနေပျံတက်ပြီး တောင်တရုတ်ပင်လယ်အထိ အချိန်တိုအတွင်းရောက်နိုင်မှာဖြစ်သလို မြေပြင်အခြေစိုက် BrahMos ဒုံးကျည်တွေကိုလည်း အမြောက်အမြားတပ်ဆင်ထားမှာပါ။ ဒါ့အပြင် P8I နဲ့ MQ-9 လို အဆင့်မြင့်ကင်းလှည့်လေယာဉ်တွေဟာလည်း ဒီကျွန်းကနေတစ်ဆင့် ပင်လယ်ပြင်ကို ပိုပြီးကြာကြာစောင့်ကြည့်နိုင်တော့မှာဖြစ်ပါတယ်။

နည်းပညာပိုင်းအနေနဲ့လည်း အိန္ဒိယပြည်မကြီးနဲ့ ဆက်သွယ်ဖို့ ကီလိုမီတာ ၂၃၀၀ ရှည်တဲ့ အဆင့်မြင့် အင်တာနက်ဖိုင်ဘာကေဘယ်ကို သွယ်တန်းပြီးဖြစ်လို့ ဒီကျွန်းစုတွေရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးဟာလည်း အရှိန်အဟုန်နဲ့ တိုးတက်လာတော့မှာပါ။ ဒ့ါအပြင် အိန္ဒိယဟာ BIMSTEC လို အဖွဲ့အစည်းတွေကတစ်ဆင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့နဲ့လည်း ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီအနေနဲ့ ၂၀၁၄ ခုနှစ်မှာချမှတ်ထားတဲ့ အရှေ့မျှော်မူဝါဒရဲ့ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံနီကိုဘားမျိုးနွယ်စုတွေအပေါ် သက်ရောက်မှုရှိနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုတွေ၊ ကန့်ကွက်မှုတွေများစွာရှိခဲ့ပေမယ့်လည်း အမျိုးသားစိမ်းလန်းစိုပြည်ရေးခုံရုံးက ဒီစီမံကိန်းကို နိုင်ငံတော်အတွက် မဟာဗျူဟာမြောက်အရေးကြီးမှုရှိတာကြောင့် ဆက်လက်လုပ်ဆောင်ဖို့ခွင့်ပြုပေးခဲ့ပါတယ်။ အကျဉ်းချုပ်ပြောရရင်တော့ ဂရိတ်နီကိုဘားကျွန်းစုဟာ အိန္ဒိယသမုဒ္ဒရာအတွင်း အိန္ဒိယရဲ့စစ်ရေးအာဏာကိုပြသရုံတင်မကဘဲ အနာဂတ်ရဲ့ စီးပွားရေး၊ စွမ်းအင်နဲ့ ဒစ်ဂျစ်တယ် ဗဟိုချက်မကြီးတစ်ခုဖြစ်လာတော့မှာကိုမြင်ယောင်နေမိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: RT

**ထက်မြတ်**

## ဟော်မုရေလက်ကြား၌ သင်္ဘောဖြတ်သန်းမှု ၉၀ ရာခိုင်နှုန်းကျော် ကျဆင်း

**လန်ဒန်၊ စီးပွားရေး**

အရှေ့အလယ်ပိုင်းဒေသရှိပဋိပက္ခများကြောင့် ဟော်မုရေလက်ကြားကိုဖြတ်သန်းသည့်သင်္ဘောအစင်းရေမှာ ပဋိပက္ခမတိုင်မီ တစ်ရက်လျှင် ၁၃၀ ခန့်ရှိရာမှ ယခုအခါ ၁၀ စင်းအောက်သို့ သိသိသာသာလျော့ကျသွားရာ ဖြတ်သန်းမှု ၉၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကြောင်း ဗြိတိန်ရေတပ်က ထုတ်ပြန်ထားသည်။

ဗြိတိန်ရေတပ်ဦးဆောင်သည့် ဗြိတိန်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်း၏စောင့်ကြည့်မှုအရ ဖေဖော်ဝါရီလ ၂၈ ရက်တွင် အီရန်အပေါ် အမေရိကန်နှင့်အစ္စရေးတို့က စစ်ဆင်ရေးများစတင်ပြီးနောက် အဆိုပါ ရေလက်ကြားနှင့် အနီးဝန်းကျင်ရေပြင်တို့၌ မတည်ငြိမ်မှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မတ်လ ၁ ရက်မှ ဧပြီလ ၂၇ ရက်အတွင်း လုံခြုံရေးဖြစ်စဉ် ၄၁ ခုအထိ မှတ်တမ်းတင်ထားရပြီး လက်ရှိတွင် ရေနံတင်နှင့် သဘာဝဓာတ်ငွေ့တင်သင်္ဘောများ၊ ကွန်တိန်နာသင်္ဘောများအပါအဝင် ကုန်တင်သင်္ဘောကြီး ၈၅၀ မှ ၈၇၀ ခန့်မှာ ပင်လယ်ကွေ့ရေပြင်အတွင်းပိတ်မိနေကာ သင်္ဘောသားပေါင်း ၂၀၀၀၀ ခန့်မှာလည်း ခရီးစဉ်များ ရပ်တန့်နေသည့်ဒဏ်ကို ခံစားနေရသည်။ သင်္ဘောသားများအတွက် ရိက္ခာထောက်ပံ့မှုများ လျော့နည်းလာခြင်းနှင့် ကြာရှည်ပိတ်မိနေခြင်းတို့ကြောင့် စိတ်ကျန်းမာရေးအပေါ် ထိခိုက်လာနိုင်ကြောင်း UKMTO က သတိပေးထားသည်။

Ref: Xinhua

# ရေနံဈေးနှုန်းမှာ ဒေါ်နယ်ထရမ့်၏ စိတ်အခြေအနေအပေါ် မူတည်နေဟုဆို

**ဘရာတစ်လာဗာ၊ နိုင်ငံရေး**

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများတက်ခြင်း၊ ကျခြင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စိတ်အခြေအနေအပေါ်မူတည်နေကြောင်း ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုက ဝေဖန်လိုက်သည်။ အမေရိကန်စစ်ဘက်က အီရန်ပဋိပက္ခနှင့်ပတ်သက်၍ စစ်ရေးနည်းအရရွေးချယ်နိုင်မည့် နည်းလမ်းများကို ထရမ့်ထံတင်ပြမည်ဟူသောသတင်းများထွက်ပေါ်လာပြီးနောက် ရေနံဈေးနှုန်းမှာ လေးနှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခြင်းနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ရေနံဈေးမှာ ၇ ရာခိုင်နှုန်းနီးပါးမြင့်တက်ကာ တစ်စည်လျှင် ၁၂၆ ဒေါ်လာအထိ ရောက်ရှိလာပြီးနောက် ၁၀၈ ဒေါ်လာဝန်းကျင်၌ ပြန်လည်တည်ငြိမ်လာခြင်းဖြစ်သည်။ ထို့နောက် ဆလိုဗက်ကီးယားဝန်ကြီးချုပ်က "ထရမ့်ဘယ်လိုစိတ်ခံစားချက်နဲ့ နိုးထလာသလဲဆိုတာအပေါ်မူတည်ပြီး ရေနံဈေးနှုန်းအပါအဝင် အရာအားလုံးက ဖိအားအောက်မှာ ရောက်နေတယ်" ဟု ပြောခြင်းဖြစ်သည်။ အမေရိကန်နှင့် အစ္စရေးတို့က အီရန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှုများအပြီးတွင် ရေနံဈေးနှုန်းများမှာ အကြီးအကျယ်မတည်မငြိမ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

**Ref: RT**

# အမေရိကန်နှင့် ဖိလစ်ပိုင်တို့က ထိုင်ဝမ်ကျွန်းအနီး ဘာတာနက်ကျွန်း၌ သင်္ဘောဖျက်ဒုံးကျည်စနစ် ဖြန့်ကြက်ချထား



**မနီလာ၊ စစ်ရေး**

ဖိလစ်ပိုင်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် နှစ်စဉ်ပြုလုပ်မြဲဖြစ်သော စစ်ရေးလေ့ကျင့်မှုအတွင်း ထိုင်ဝမ်ကျွန်းနှင့်အနီးရှိ ဘာတာနက်ကျွန်း၌ NMESIS သင်္ဘောဖျက်ဒုံးကျည်စနစ်ကို မေလ ၂ ရက်တွင် ဖြန့်ကြက်ချထားလိုက်ကြောင်းသိရသည်။ ထိုင်ဝမ်ကျွန်း၏တောင်ဘက် ၁၆၁ ကီလိုမီတာခန့်အကွာရှိ ဘာတာနက်ပြည်နယ်သည် အာရှပစိဖိတ်ဒေသ၌ အမေရိကန်နှင့် တရုတ်တို့အကြား သြဇာလွှမ်းမိုးမှုအားပြိုင်ရာမဟာဗျူဟာမြောက် ရေကြောင်းစကြံပေါ်တွင် တည်ရှိနေခြင်းဖြစ်သည်။

NMESIS စနစ်သည် မြေပြင်အခြေစိုက်စခန်းများမှနေ၍ ၁၈၅ ကီလိုမီတာအကွာရှိရေယာဉ်များကို ပစ်မှတ်ထားနိုင်သည့် ရွေ့လျားသင်္ဘောဖျက်ဒုံးကျည်စနစ်ဖြစ်ပြီး အမေရိကန် C-130 သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ဘာတာနက်သို့ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ယင်းစနစ်ကို ထိန်းချုပ်သူမဲ့စနစ်ဖြင့် အဝေးမှထိန်းချုပ်ရန် ဒီဇိုင်းထုတ်ထားကြောင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။

ထိုဒုံးကျည်စနစ်ကို ၂၀၂၅ ခုနှစ် စစ်ရေးလေ့ကျင့်မှုတွင်လည်း အသုံးပြုဖူးပြီး ယခုတစ်ကြိမ်တွင်မူ ဝေးလံသောဒေသများ၌ လက်တွေ့ဖြန့်ကြက်နိုင်စွမ်းရှိ၊ မရှိ စမ်းသပ်လေ့ကျင့်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ကထုတ်ပြန်ထားသည်။

လုံခြုံရေးလေ့လာဆန်းစစ်သူများကမူ NMESIS စနစ်ကို ဘာတာနက်တွင်ချထားခြင်းသည် တရုတ်နိုင်ငံကို အမေရိကန်နိုင်ငံဦးဆောင်သော ဝိုင်းပတ်ပိတ်ဆို့မှုတစ်စိတ်တစ်ပိုင်းအဖြစ် တရုတ်နိုင်ငံဘက်က ရှုမြင်နိုင်ကြောင်းသုံးသပ်ထားသည်။

**Ref: ST**

# အမေရိကန်နှင့် စစ်ပွဲပြန်ဖြစ်ရန် အလားအလာရှိကြောင်း အီရန်အရာရှိတစ်ဦး သတိပေး

**တီဟီရန်၊ စစ်ရေး**

အီရန်နိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးမှု အဆိုပြုချက်အသစ်အပေါ် သမ္မတထရမ့်က ကျေနပ်မှုမရှိဟုပြောပြီးနောက် အမေရိကန်နှင့်အီရန်အကြား တိုက်ပွဲများပြန်ဖြစ်ရန် အလားအလာရှိနေကြောင်း အီရန်စစ်ဘက်အရာရှိတစ်ဦးက မေလ ၂ ရက်တွင် ပြောသည်။ အမေရိကန်နှင့် အစ္စရေးတို့က စတင်သော အဆိုပါစစ်ပွဲမှာ ဧပြီလ ၈ ရက်မှစတင်၍ ခေတ္တရပ်တန့်နေခြင်းဖြစ်သည်။

အီရန်က အမေရိကန်သို့ပေးပို့သည့် ကမ်းလှမ်းချက်ကို ကျေနပ်မှုမရှိကြောင်း ထရမ့်က သတင်းထောက်များကိုပြောပြီး အီရန်ခေါင်းဆောင်ပိုင်းအတွင်း သဘောထားကွဲလွဲမှုများကြောင့် ဆွေးနွေးပွဲများ ရှေ့မတိုးနိုင်ဖြစ်နေရသည်ဟု အပြစ်တင်ထားသည်။ ထို့ပြင် ၎င်းအနေဖြင့် အီရန်ကို အပြီးတိုင်ချေမှုန်းမည့် ရွေးချယ်စရာထက် သဘောတူညီချက်တစ်ခုရရှိရန်သာ ပိုမိုလိုလားကြောင်း ထည့်သွင်းပြောထားသည်ဟုသိရသည်။

**Ref: AGC**

# ဆာဘားပြည်နယ်တွင် မျောက်ငှက်ဖျားရောဂါ ဖြစ်ပွားသူ ၃၅၇ ဦးရှိလာ တစ်ဦးသေဆုံး

**ကွာလာလမ်ပူ၊ ကျန်းမာရေး**

မလေးရှားနိုင်ငံ ဆာဘားပြည်နယ်တွင် မျောက်ငှက်ဖျားရောဂါဖြစ်ပွားသူ ၃၅၇ ဦး ရှိလာပြီး ထိုရောဂါဖြင့် လူတစ်ဦးသေဆုံးကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးက ပြောသည်။ ရောဂါစောင့်ကြည့်လေ့လာရေးကာလ ၁၆ ပတ်မြောက်အတွင်း ယခုကဲ့သို့ ကူးစက်သူအရေအတွက်မြင့်တက်လာခြင်းဖြစ်သည်။

ငှက်ဖျားရောဂါပိုးရှိနေသည့် မျောက်ကို ကိုက်ထားသောခြင်က လူကိုကိုက်ခြင်းကြောင့်ဖြစ်သည့် အဆိုပါငှက်ဖျားရောဂါသည် တာဝါအူး၊ ရာနောင်းနှင့် ကူးဒတ်ခရိုင်တို့သည် ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသများဖြစ်သည်။ မျောက်ငှက်ဖျားရောဂါကို အစိုးရဆေးခန်းနှင့် ဆေးရုံတိုင်းတွင်စစ်ဆေးနိုင်ပြီး ရောဂါကိုကြိုတင်သိရှိပြီးကုသမှုခံယူခြင်းက အရေးကြီးကြောင်း သိရသည်။

**Ref: ST**

# NATO တပ်ဖွဲ့ဝင်နိုင်ငံများမှ အမေရိကန် တပ်ဖွဲ့ဝင်များကိုရုပ်သိမ်းမည်ဟု ထရမ့်ထုတ်ပြော



**ဝါရှင်တန်၊ စစ်ရေး**

အီရန်နှင့်ပဋိပက္ခဖြစ်ပွားမှုအပေါ် ဥရောပမဟာမိတ်များနှင့် သဘောထားကွဲလွဲမှုများပြင်းထန်နေစဉ် အီတလီနှင့် စပိန်နိုင်ငံတို့၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအပြင် NATO တပ်ဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့အချို့ကိုရုပ်သိမ်းရန် စဉ်းစားသွားမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်ကထုတ်ဖော်ပြောသည်။ ဂျာမနီနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်၃၆၀၀၀ အနက်၅၀၀၀ ခန့်ရုပ်သိမ်းမည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ပြီးနောက် အခြားမဟာမိတ်နိုင်ငံများကိုပါ ထပ်မံခြိမ်းခြောက်လာခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းတွင် အမေရိကန်နှင့် အစ္စရေးတို့က အီရန်အပေါ် ဗုံးကြဲတိုက်ခိုက်မှုများကိုထောက်ခံရန် ငြင်းဆန်ကြသည့် NATO တပ်ဖွဲ့ဝင်နိုင်ငံများကို ထရမ့်က စက္ကူကျားဟု ခေါ်ဝေါ်ထားသည်။ ထို့ပြင်အီတလီနိုင်ငံသည် အကူအညီမပေးသည့်အပြင် စပိန်နိုင်ငံ၏ လုပ်ရပ်သည်လည်း အလွန်ဆိုးရွားကြောင်း ထရမ့်ကဝေဖန်သည်။

စပိန်နိုင်ငံသည် အမေရိကန်က အီရန်ကိုတိုက်ခိုက်ရာတွင် ၎င်းတို့၏ရေတပ်စခန်းကို အမေရိကန်တို့အား အသုံးပြုခွင့်ပေးရန် ငြင်းဆန်ခဲ့ပြီး အီတလီနိုင်ငံကလည်း စစ္စလီကျွန်းရှိလေတပ်စခန်းကို အမေရိကန်အား အသုံးပြုခွင့်မပေးခဲ့ပေ။ စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်က အီရန်နှင့်ဖြစ်ပွားလျက်ရှိသောစစ်ပွဲသည် တရားမဝင်ဘဲ ကြီးမားသည့်အမှားတစ်ခုဖြစ်ကြောင်း ပြင်းထန်စွာဝေဖန်ထားသည်။

**Ref: RT**

# နယူးယောက်မြို့တွင် စာအုပ်တစ်အုပ်ပင်မရှိသော ကမ္ဘာ့ပထမဆုံး စာအုပ်မဲ့စာအုပ်ဆိုင်ဖွင့်လှစ်

**နယူးယောက်၊ နည်းပညာ**

အသံစာအုပ်လုပ်ငန်းတစ်ခုဖြစ်သည့် Audible ကုမ္ပဏီက စာအုပ်တစ်အုပ်ပင်မရှိသော ကမ္ဘာ့ပထမဆုံးစာအုပ်မဲ့စာအုပ်ဆိုင်ကို နယူးယောက်မြို့၌ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။ မန်ဟက်တန်အရှေ့ဘက်ခြမ်းတွင်ဖွင့်လှစ်သည့် အဆိုပါစာအုပ်ဆိုင်၌ စာရွက်စာအုပ်များကိုစီရီထားခြင်းမရှိဘဲ အသံဖြင့်စာအုပ်ဖတ်ပြခြင်းအတတ်ပညာကို အသက်ဝင်စေရန် ရည်ရွယ်ဖန်တီးထားခြင်းဖြစ်သည်။

Audible Story House ဟု အမည်ပေးထားသည့် အဆိုပါစာအုပ်ဆိုင်တွင် story tiles ဟုခေါ်သော အသံစာအုပ် တက်ဘလက်များကို စင်ပေါ်၌ခင်းကျင်းထားပြီး နားကြပ်များဖြင့်နားဆင်နိုင်ရန် စီစဉ်ထားသည်။ အသံစာအုပ်ထုတ်ဝေသူများအသင်း၏အချက်အလက်များအရ အမေရိကန်၌ အသံစာအုပ်ရောင်းအားမှာ ၂၀၂၄ ခုနှစ်အတွင်း ဒေါ်လာ ၂ ဒသမ ၂၂ ဘီလီယံအထိရှိပြီး လွန်ခဲ့သည့်ငါးနှစ်အတွင်း နှစ်ဆနီးပါးတိုးတက်လာခြင်းဖြစ်သည်။

စာအုပ်ဆိုင်အတွင်း၌ နားကြပ်မလိုဘဲ နားဆင်နိုင်သည့်အခန်းများအပြင် နားဆင်သူများ၏ဝါသနာနှင့်ကိုက်ညီမည့် အသံစာအုပ်များကို အကြံပြုပေးမည့် "Listening Bar" လည်းပါဝင်ကာ အသံစာအုပ်ယဉ်ကျေးမှုကို လူမှုအသိုင်းအဝိုင်းအတွင်း လက်တွေ့ထိတွေ့နိုင်သည့် အတွေ့အကြုံအသစ်ဖြစ်လာမည်ဖြစ်သည်။

**Ref: ST**



# မြန်မာ့ဆေးဝါးလုပ်ငန်း၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်၊ ဝယ်ယူရေးစီမံချက်များအား ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်၊ ဝယ်ယူရေးစီမံချက်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ထုတ်လုပ်မှုစီမံချက်ရေးဆွဲရာတွင် ဈေးကွက်လိုအပ်ချက်ကိုအခြေခံ၍ ရေးဆွဲရမည်ဖြစ်ပြီး ဆေးတစ်မျိုးချင်းစီအလိုက် ထုတ်လုပ်ရမည့် အသုတ်လိုက်(Batch)များ တွက်ချက်ခြင်း၊ လိုအပ်သောဆေးဝါးကုန်ကြမ်းနှင့် ထုပ်ပိုးပစ္စည်းများဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအချိန်ဇယားရေးဆွဲခြင်း၊ အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် လက်ကျန်ကုန်ကြမ်းများဖြင့် ပြန်လည်ချိန်ညှိခြင်းစသည်ဖြင့် အဆင့်ဆင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဝယ်ယူရေးစီမံချက် ရေးဆွဲရာတွင် ထုတ်လုပ်မှုကိုအခြေခံခြင်း၊ Principles ဖြစ်သည့် မှန်ကန်သောပမာဏကို ဝယ်ယူခြင်း၊ အချိန်မီဝယ်ယူခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း၊ မှန်ကန်သောကုန်ကြမ်းထုတ်လုပ်သူမှ ရွေးချယ်ဝယ်ယူခြင်းကို လိုက်နာကျင့်သုံးခြင်း၊ လက်ကျန်ကုန်ကြမ်းများကိုထည့်သွင်းစဉ်းစားပေးခြင်းနှင့်ကြုံတွေ့နိုင်မည့်အခက်အခဲများကို ကြိုတင်မှန်းဆပြီး ဖြေရှင်းနိုင်ရေးကို စဉ်းစားသုံးသပ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ရေးဆွဲထားရှိသည့် ထုတ်လုပ်မှုစီမံချက်နှင့် ဝယ်ယူမှုစီမံချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းချမှတ်ခြင်း၊ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန်ရှိ New Stellar Energy MM Co.,Ltd. ၏ ဆိုလာစက်ရုံတည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယခုစက်ရုံကဲ့သို့ စက်ရုံများစွာတည်ဆောက်ထုတ်လုပ်လာခြင်းအားဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# မော်လမြိုင်မြို့၌ မြတ်စွာဘုရားဆင်းတုတော်များအား မော်တော်ယာဉ်များဖြင့် စီတန်းလှည့်လည်အပူဇော်ခံ

**မော်လမြိုင် မေ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌ ဦးမောင်ရင်းနှင့် မော်လမြိုင်မြို့ လမုတန်းရပ်မြောက်ဘက်ကွင်းကျောင်း ဩဝါဒစရိယဆရာတော် ဦးသီဟဗလတို့၏ ဦးဆောင်မှုဖြင့် ယမန်နေ့က အသင်းသား၊ အသင်းသူ ၃၀၀ ဦးခန့်မှ မော်တော်ယာဉ် ၂၀ စီးဖြင့် မြတ်စွာဘုရားဆင်းတုတော်များအား မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့တွင်း စီတန်းလှည့်လည်အပူဇော်ခံကြောင်း သိရသည်။

မြတ်စွာဘုရား ဆင်းတုတော်တင် မော်တော်ယာဉ်များသည် သာသနဗိမာန်စုရပ်မှ မော်လမြိုင်မြို့ ကျိုက်သရေဆောင်ကျိုက်သလွံစေတီတော် အနောက်ဘက်မုခ်ရှိ ဗောဓိညောင်ပင်ရှိရာသို့ လှည့်လည်ပူဇော်ခံခဲ့ကြောင်း သိရသည်။ (၄၀၆)

# သထုံမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



**သထုံ မေ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ သစ်တောများထိန်းသိမ်းရေး၊ နွေရာသီကာလအတွင်း တောမီးနှင့် တခြားမီးများကြောင့် မီးလောင်မှုအကြိမ်ရေ များပြားနေခြင်းကို ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က သုဝဏ္ဏဝတီမြို့သိမ်ဆိပ်ရပ်ကွက်ရှိ ရေတွင်းဖြူ ကျေးရွာအခြေခံပညာမူလတန်းလွန် ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်စိုးဟန်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဟောပြောပွဲသို့ ရေတွင်းဖြူကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြဝတီမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မြဝတီ မေ ၂**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြဝတီမြို့နယ် ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၂၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခု ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၆ ဦးအတွက် ငွေကျပ် ၃၆ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဘိုဘို**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၁၅ | ၄၇၀၀ | ၄၆၄၀ | ၄၅၃၀ | ၄၇၀၀ | ၄၇၁၅ | ၄၇၆၅ | ၄၆၁၀ | ၄၇၆၅ | ၅၀၈၅ | ၄၆၃၅ | ၄၇၅၅ | ၄၇၃၅ | ၄၆၉၀ | ၄၆၉၀ | ၄၉၀၀ |
| 95 Ron | ၄၆၇၀ | ၄၈၆၀ | ၄၈၀၀ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၇၀ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၅၀ | ၄၈၅၀ | ၅၀၆၀ |
| HSD (500 ppm) | ၅၂၇၅ | ၅၄၅၅ | ၅၃၈၅ | ၅၂၉၀ | ၅၄၅၅ | ၅၄၆၅ | ၅၅၁၅ | ၅၃၆၅ | - | ၅၈၂၀ | ၅၃၉၀ | ၅၈၉၅ | ၅၄၉၀ | ၅၄၄၅ | ၅၄၄၅ | ၅၆၄၅ |
| HSD (50 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | ၆၇၀၅ | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |
| HSD (10 ppm) | ၆၄၅၅ | ၆၆၄၅ | ၆၅၈၀ | ၆၄၇၀ | ၆၆၄၅ | ၆၆၅၅ | ၆၇၀၅ | ၆၅၅၀ | | ၇၀၂၅ | ၆၅၇၅ | ၆၈၃၀ | ၆၆၈၀ | ၆၆၃၀ | ၆၆၃၅ | ၆၈၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၇၉ | ၄၃၉၉ |
| 95 Ron | ၄၄၃၃ | ၄၅၅၅ |
| HSD (500 ppm) | ၅၀၃၃ | ၅၁၆၃ |
| HSD (50 ppm) | ၆၁၆၀ | ၆၃၁၃ |
| HSD (10 ppm) | ၆၁၆၀ | ၆၃၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ဒေသခံပြည်သူများသောက်သုံးရေ ဖူလုံစေရန် ရေဖြန့်ဝေလှူဒါန်း

ညောင်ဦး မေ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် နေ့စဉ်ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ မေလ ၂ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာသို့ သွားရောက်ပြီး သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

ထိုသို့သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ရွှေလှိုင်းကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေဂါလန် ၃၂၀၀ အား အိမ်ထောင်စုလူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးသည်။

ဖြူစင်မေတ္တာနှင့်သုမင်္ဂလာရေလှူတော်အသင်းက ပွင့်လင်းရာသီကာလတွင် မြို့နယ်တွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာရှင်၊ အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## တောင်ကြီးမြို့၌ မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

တောင်ကြီး မေ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၌ မေလ ၂ ရက် နံနက်ပိုင်းတွင် နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းထွန်း၊ အမျိုးသမီးနှင့်ကလေးဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား အာဟာရပြည့်အစားအစာများ ပေးအပ်သည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် လှူဒါန်းသော သွေးအိတ်များအား အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဒေါက်တာဘုန်းမိုးဝင်း တာဝန်ခံပါမောက္ခ (ဓာတ်ခွဲခန်းတာဝန်ခံ)နှင့် ဆရာမများက စစ်ဆေးလက်ခံပြီး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်သိန်းက သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၄၀၅)

## အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်

ရေကြည် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ဒိုက်လျားကျေးရွာ၌ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁ ရက် နံနက်ပိုင်းတွင်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလိန်းကွီးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒိုက်လျားကျေးရွာ၌ အလျား ၁၂ ပေ၊ အနံ ၆ ပေ၊ အမြင့် ၅ ပေ ရှိသည့် အုတ်ရေလှောင်ကန်တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေ ရှိသည့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၉၂ သန်းဖြင့် ဧပြီလ ၄ ရက်က စတင်၍ ဆောင်ရွက်လျက်ရှိရာ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

## မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်



# ပြည်မြို့နယ် ကုန်းဇင်းကျေးရွာ၌ ပဥ္စမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

ပြည် မေ ၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကုန်းဇင်းကျေးရွာ၌ ပဥ္စမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို မေလ ၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၅ ဒသမ ၉၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းဇင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးအတွက် ငွေကျပ် ၃၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးအတွက် ငွေကျပ် ၆ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးအတွက် ငွေကျပ် ၄၅ ဒသမ ၉၅ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

ချိုလေး

# ပြင်ဦးလွင်မြို့နယ်၌ Cherry Trail Run 2026 (Pyin Oo Lwin) ပြိုင်ပွဲကျင်းပ

ပြင်ဦးလွင် မေ ၂



မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ်၌ RUNderful Myanmar Group(Yangon)၊ MARS Running Group(Mandalay) နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားသမားဟောင်းများ လူမှုရေးအသင်းတို့ပူးပေါင်းကျင်းပသည့် Cherry Trail Run 2026 (Pyin Oo Lwin) ပြိုင်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ၃၆ ကီလိုမီတာ အမျိုးသားပြိုင်ပွဲဝင် ၂၂၈ ဦးနှင့် အမျိုးသမီးပြိုင်ပွဲဝင် ၆၇ ဦး၊ ၁၆ ကီလိုမီတာအမျိုးသားပြိုင်ပွဲဝင် ၄၁၁ ဦးနှင့် အမျိုးသမီးပြိုင်ပွဲဝင် ၂၄၀ ဦး၊ နိုင်ငံခြားသား ပြိုင်ပွဲဝင် ၁၁ ဦး စုစုပေါင်း ၉၅၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ၃၆ ကီလိုမီတာပြိုင်ပွဲတွင် ဆုရပြိုင်ပွဲဝင်များအား ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ်ခုနစ်သိန်းနှင့် တတိယဆုငွေကျပ်ငါးသိန်းအားလည်းကောင်း၊ ၁၆ ကီလိုမီတာပြိုင်ပွဲတွင် ဆုရပြိုင်ပွဲဝင်များအား ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်းနှင့် တတိယဆုငွေကျပ်နှစ်သိန်းအား တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် RUNderful Myanmar Group (Yangon)၊ MARS Running Group (Mandalay) နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားသမားဟောင်းများ လူမှုရေးအသင်းတို့မှ တာဝန်ရှိသူတို့က အလံချီး၍ပြိုင်ပွဲဝင်ကစားသမားများအား တာလွှတ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သွေးသွေး(ပြန်/ဆက်)




# ၂၀၂၆ ခုနှစ် မေလ ၁ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ပရီးမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလီဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်



## မန်ယူ Vs လီဗာပူး

**ကစားမည့် ရက် / အချိန်**

(၃-၅-၂၀၂၆ ရက် ည ၉ :၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

လီဗာပူး ၁ - ၂ မန်ယူ

လီဗာပူး ၂ - ၂ မန်ယူ

မန်ယူ ၀ - ၃ လီဗာပူး

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| မန်ယူ | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |
| လီဗာပူး | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

**မန်ယူ** ၂ - ၁ လီဗာပူး

မန်ယူအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရဖို့ သေချာသလောက်ရှိနေပြီဆိုပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရယူဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ နှစ်ပွဲဆက်နိုင်ပွဲပြန်လည်ရရှိထားပြီး ပုံစံကောင်းရရှိနေတဲ့ မန်ယူအသင်းက အိမ်ကွင်းမှာ လီဗာပူးအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။ မန်ယူအသင်း ခံစစ်ပိုင်းမှာ အဓိကကစားသမားတချို့မပါဝင်နိုင်ဘူးဆိုပေမယ့် မက်ဂွိုင်ယာနဲ့ ဟေးဗန်းတို့ခံစစ်အတွဲကလည်း ကျစ်လျစ်မှုရှိနေလို့ လီဗာပူးအသင်းတိုက်စစ်ပိုင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်မှာပါ။ မန်ယူအသင်းရဲ့ဒီရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၇ ပွဲကစားပြီးချိန်မှာ ၁၁ ပွဲအနိုင်ရရှိထားပြီး သုံးပွဲသရေနဲ့ သုံးပွဲရှုံးရလဒ်ရရှိထားလို့ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပြီးရင် အိမ်ကွင်းစွမ်းဆောင်ရည်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။

လီဗာပူးအသင်းကတော့ အခုပွဲစဉ်မှာ ဆာလက်ချ်မပါဝင်နိုင်လို့ တိုက်စစ်ပိုင်းက လိုအပ်ချက်တွေရှိနေမှာအမှန်ပါ။ အီဆက်ပြန်လည်ကစားနိုင်ပြီဆိုပေမယ့် ခြေစွမ်းပိုင်းက စိတ်ချလို့မရသေးလို့ လီဗာပူးအသင်းတိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်ရမှာပါ။ လီဗာပူးအသင်းရဲ့ ဒီရာသီလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၇ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ ခုနစ်ပွဲရှုံးရလဒ်ရရှိထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ လီဗာပူးအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက်ဆိုရင် လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်တွေရှိနေတယ်ဆိုပေမယ့် အခုပြိုင်ဘက်အသင်းက နည်းပြကာရစ်လက်အောက်မှာ ပုံစံကောင်းရရှိနေတဲ့ မန်ယူအသင်းဖြစ်နေလို့ လွယ်ကူမှာမဟုတ်ပါဘူး။ လီဗာပူးအသင်း နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်း ငါးပွဲမှာလည်း တစ်ပွဲသာအနိုင်ရရှိထားပြီး လေးပွဲရှုံးနိမ့်ထားတဲ့အထိ တည်ငြိမ်မှုအားနည်းနေတာကိုတွေ့ရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် မန်ယူအသင်းက ၁၇ ကြိမ်အနိုင်ရရှိထားပါတယ်။ လီဗာပူးအသင်းကတော့ ၁၄ ကြိမ်အနိုင်ရရှိပြီး ၁၁ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ မန်ယူအသင်းပဲ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားပါလိမ့်မယ်။

## အက်စပန်ညို Vs ရီးယဲလ်မက်ဒရစ်

**ကစားမည့် ရက် / အချိန်**

(၄-၅-၂၀၂၆ ရက် နံနက် ၁:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ရီးယဲလ်မက်ဒရစ် ၂ - ၀ အက်စပန်ညို

အက်စပန်ညို ၁ - ၀ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ် ၄ - ၁ အက်စပန်ညို

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| အက်စပန်ညို | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| ရီးယဲလ်မက်ဒရစ် | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |

**ခန့်မှန်းရလဒ်**

အက်စပန်ညို ၁ - ၂ **ရီးယဲလ်မက်ဒရစ်**

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး တန်းဆင်းဇုန်ဖိအားရှိနေတဲ့ အက်စပန်ညိုအသင်းအတွက် ရမှတ်လိုအပ်ချက်တွေရှိနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းဖြစ်နေလို့ ခက်ခဲမှာအမှန်ပါပဲ။ အက်စ်ပန်ညိုအသင်းရဲ့ ဒီရာသီလိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၆ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ရရှိထားလို့ ခြေစွမ်းပိုင်းက အားရစရာတော့မရှိပါဘူး။ အက်စ်ပန်ညိုအသင်းက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်က ကစားခဲ့တဲ့ ဘီလ်ဘာအိုအသင်းကိုအနိုင်ရရှိခဲ့တဲ့ပွဲစဉ်အပြီးမှာ ပြိုင်ပွဲစုံ ၁၆ ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ၁၀ ပွဲအထိ ရှုံးနိမ့်ထားသလို ခြောက်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလည်း ရီးယဲလ်မက်ဒရစ်အသင်းကို အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ သရေရလဒ်တောင်မျှော်လင့်ဖို့ခက်ခဲနေမှာပါ။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ အမှတ်ပေးဇယားထိပ်ဆုံးကဦးဆောင်နေတဲ့ ဘာစီလိုနာအသင်းနဲ့ ၁၁ မှတ်ကွာဟနေပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက်နည်းပါးနေပြီဆိုပေမယ့် ရမှတ်ကွာဟမှုကို လျှော့ချနိုင်ဖို့အတွက် အခုလိုပွဲစဉ်မှာ မဖြစ်မနေ နိုင်ပွဲရရှိအောင်ကြိုးစားလာမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း မတည်မငြိမ်ဖြစ်နေတယ်ဆိုပေမယ့် အက်စ်ပန်ညိုအသင်းကို အနိုင်ရယူဖို့အတွက်ကတော့ ခက်ခဲနေမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ဒီရာသီအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၆ ပွဲကစားပြီးချိန်မှာ ကိုးပွဲနိုင်၊ လေးပွဲသရေနဲ့ သုံးပွဲရှုံးရလဒ်ရရှိထားပြီး ဘာစီလိုနာအသင်းပြီးရင် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းအကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းမှာ အဓိကကစားသမား အမ်ဘတ်ပီမပါဝင်နိုင်လို့ တိုက်စစ်ပိုင်းက လိုအပ်ချက်ရှိနေတယ်ဆိုပေမယ့် ဗင်နီစီးယက်နဲ့ ဘရာဟမ်ဒီယက်တို့လို ကစားသမားတွေရှိနေပါတယ်။



နှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက ၂၄ ကြိမ် အနိုင်ရရှိထားပါတယ်။ အက်စ်ပန်ညိုအသင်းက သုံးကြိမ်အနိုင်ရရှိပြီး နှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ရီးယဲလ်မက်ဒရစ်အသင်းက အပြတ်အသတ် အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရမှာသေချာပါတယ်။

## ဂျူဗင်တပ်စ် Vs ဗီရိုနာ

**ကစားမည့် ရက် / အချိန်**

(၃-၅-၂၀၂၆ ရက် ည ၁၀:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ဗီရိုနာ ၁ - ၁ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ် ၂ - ၀ ဗီရိုနာ

ဗီရိုနာ ၀ - ၃ ဂျူဗင်တပ်စ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဂျူဗင်တပ်စ် | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဗီရိုနာ | ဝေး(ရှုံး) | အိမ်(ရှုံး) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

**ဂျူဗင်တပ်စ်** ၃ - ၀ ဗီရိုနာ

ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် မသေချာသေးလို့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဂျူဗင်တပ်စ်အသင်းက အခုအိမ်ကွင်းပွဲစဉ်မှာတော့ ရမှတ်ပြည့်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိဂျူဗင်တပ်စ်အသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ ခြေစွမ်းပိုင်းအရလည်း ဗီရိုနာအသင်းကို အနိုင်ရယူနိုင်ဖို့အတွက် ခက်ခဲမှာမဟုတ်ပါဘူး။ ဂျူဗင်တပ်စ်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် နောက်ဆုံးနေရာဖြစ်တဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဆင့်(၅)နေရာက ကိုမိုအသင်းနဲ့ ရမှတ်ကွာဟမှုက သုံးမှတ်သာရှိနေလို့ အခုပွဲစဉ်မှာသာ ခြေချော်ခဲ့မယ်ဆိုရင် အဆင့်(၅)နေရာကို ပြန်လည်ရောက်ရှိနိုင်လို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဂျူဗင်တပ်စ်အသင်းရဲ့ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၇ ပွဲမှာ ၁၀ ပွဲနိုင်၊ ခြောက်ပွဲသရေနဲ့ တစ်ပွဲသာရှုံးနိမ့်ထားလို့ တတိယမြောက် အိမ်ကွင်းအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဘိုဝှစ်နဲ့ ဆက်လော့တို့ဦးဆောင်နေတဲ့ ဂျူဗင်တပ်စ်အသင်းတိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေလို့ ဗီရိုနာအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။

နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး တစ်ပွဲသရေနဲ့ ငါးပွဲရှုံးနိမ့်ထားတဲ့ ဗီရိုနာအသင်းကတော့ တန်းဆင်းရဖို့နီးစပ်နေပါပြီ။ ဗီရိုနာအသင်းက အဆင့်(၁၇)နေရာက လက်ချီအသင်းနဲ့ ရမှတ် ၁၃ မှတ်ကွာဟနေလို့ လက်ကျန်ပွဲစဉ်တွေအားလုံးအနိုင်ရရှိမယ်ဆိုရင်တောင် တန်းဆင်းရဖို့ ရာခိုင်နှုန်းများနေတာကို တွေ့ရမှာပါ။ ဗီရိုနာအသင်းရဲ့ ဒီရာသီလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၇ ပွဲမှာ နှစ်ပွဲနိုင်၊ ငါးပွဲသရေနဲ့ ၁၀ ပွဲရှုံးနိမ့်ထားလို့ ပီဆာအသင်းပြီးရင် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ ဗီရိုနာအသင်းခံစစ်ပိုင်းကလည်း ၃၄ ပွဲမှာ ၅၆ ဂိုးအထိပေးထားရပြီး အမှတ်ပေးဇယားအောက်ဆုံးက ပီဆာအသင်းပြီးရင် ပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ဂျူဗင်တပ်စ်အသင်းက ၁၃ ကြိမ်အနိုင်ရရှိထားပါတယ်။ ဗီရိုနာအသင်းက သုံးကြိမ်သာအနိုင်ရရှိပြီး ခြောက်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ဂျူဗင်တပ်စ်အသင်းက အသာစီးမှာရှိနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်ဂျူဗင်တပ်စ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**စည်သူအောင်**

# ဘားအံမြို့၌ အမှန်တကယ်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ (အခွန်လွတ်)တောင်သူလယ်သမားဈေး ဖွင့်လှစ်ရောင်းချ




ဘားအံ မေ ၂

ကရင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုအားပေးမြှင့်တင်နိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၎င်းထုတ်ကုန်များကို သက်သာသောနှုန်းထားများဖြင့် စားသုံးသူလက်ဝယ်သို့တိုက်ရိုက်ရောက်ရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ အမှန်တကယ်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏(အခွန်လွတ်)တောင်သူလယ်သမားဈေးကို ဖွင့်လှစ်ရောင်းချသည်။

အဆိုပါတောင်သူလယ်သမားဈေးတွင် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ကြက်၊ ဝက်၊ ဆိတ်၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ ဒိန်ချဉ်၊ ပျားရည်အစရှိသော ဒေသထွက်မွေးမြူရေးထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ ကန်စွန်းရွက်၊ မှို၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ခရမ်း၊ ခရမ်းချဉ်၊ ချဉ်ပေါင်၊ ဘူးသီး၊ အာလူး၊ ဖရုံသီး အစရှိသော ဒေသထွက်ဟင်းသီးဟင်းရွက်(စားဖိုဆောင်သီးနှံ)အရောင်းဆိုင်ခန်းများ၊ ကရင်ပြည်နယ်ဆန်ကုန်သည်ကြီးများအသင်းနှင့် ဆီကုန်သည်ကြီးများအသင်းတို့၏ ပြင်ပပေါက်ဈေးထက်သက်သာသော ဆန်အမျိုးမျိုး၊ စားသုံးဆီ၊ မြေပဲဆီအရောင်းဆိုင်ခန်းများ စုစုပေါင်းအရောင်းဆိုင်ခန်းပေါင်း ၃၀ ကျော်ဖြင့် အရည်အသွေးပြည့်ဝ၍ ဘေးဥပဒ်ကင်းရှင်းသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချခြင်းဖြစ်သည့်အတွက် ကုန်ဈေးနှုန်းတည်ငြိမ်လျော့နည်းကျဆင်းစေကာ ဒေသခံစိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် စားသုံးသူများအတွက်ပါအကျိုးရှိစေမည်ဖြစ်သည်။

ထိုသို့ တောင်သူလယ်သမားဈေးတွင် အမှန်တကယ်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများမှ အများပြည်သူသို့ သက်သာသောနှုန်းထားဖြင့် တိုက်ရိုက်ရောင်းချပေးနေမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အဆိုပါတောင်သူလယ်သမားဈေးကို လစဉ်ပထမအပတ်၏စနေနေ့တွင် ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်က နောင်လာမည့်အပတ်တွင် ဈေးဆိုင်ခန်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်ရောင်းချမည့် ကုန်ပစ္စည်းအရေအတွက် ပိုမိုတိုးတက်ရောင်းချနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဘားအံတက္ကသိုလ်အင်ကြင်းဆောင်ရှေ့၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်များအသိပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အတွက်ရေကြောင်းပညာကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် နယ်မြေခံတပ်ကကြီးမှူးဖွင့်လှစ်သော ဘားအံရေကြောင်းလူငယ်စခန်း၏ ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းစစ်ရေးပြလေ့ကျင့်ခြင်းကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းသား၊ သင်တန်းသူများအတွက် အားကစားပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(မြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကျင်းပ



ပဲခူး မေ ၂

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ပေးခဲ့သည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့အခမ်းအနားကတော့ “ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆)” အထိမ်းအမှတ်အနေနဲ့ ဆောင်ရွက်တဲ့ အခမ်းအနားပဲဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေးရက်သတ္တပတ်အခမ်းအနားရဲ့ ဆောင်ပုဒ်ကတော့ “မျိုးဆက်တိုင်းကိုကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား” ဖြစ်၍ အဓိကရည်ရွယ်ချက်ကတော့ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းဖြင့် အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ပြည်သူလူထုအားလုံးကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုမှ တားဆီးပေးနိုင်ကြောင်း အသိပညာမြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်း အကျိုးကျေးဇူးတွေအပေါ် ပြည်သူလူထုမှပိုမိုသတိပြုမိလာစေဖို့နဲ့သက်ဆိုင်ရာ တာဝန်ရှိသူများမှ ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ ပိုမိုပါဝင်ကူညီကြစေလိုကြောင်းနှင့် အနာဂတ်ရဲ့မျိုးဆက်တိုင်းကို အကာအကွယ်ပေးနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းပေးကြပါလို့ တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် “မျိုးဆက်တိုင်းကိုကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား” Documentary Story နှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်တေးသီချင်း Video Clip တို့အားပြသရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများက ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (၄၁၀)

# ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြေခံပြည်သူများအလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက်စီစဉ်ဆောင်ရွက်လျက်ရှိ

စစ်တွေ မေ ၂

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် အခြေခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ စစ်ကဲတော်မင်းဘုန်းတော်ကြီးကျောင်းတိုက်၌ စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသော ပြည်သူများနှင့်တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဆန်ရိက္ခာများ တိုးမြှင့်ပေးအပ်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ မြို့နေပြည်သူများအေးအေးချမ်းချမ်းဖြင့် လုပ်ကိုင်နေထိုင်စားသောက်နိုင်ရေး အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသော ကလေးငယ်များ စာသင်ခန်းသို့ရောက်ရှိကာ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို စာနာစိတ်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများကို ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ချီးမြှင့်ရာ ယာယီနေရပ်စွန့်ခွာ ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသူများ စုရပ်များအတွင်း လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမျိုးသန့်ခြံ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် ပိုက်ဆန်လျှော် (သစ်စိမ်းမြေဩဇာ) စုပေါင်းကြဲပက်ခြင်းကွင်းပြပွဲ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းလက်တွေ့သရုပ်ပြခြင်းနှင့် တောင်သူများသို့ ပိုက်ဆန်လျှော်မျိုးစေ့ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနပြည်နယ်ဦးစီးမှူးက စစ်တွေမျိုးသန့်ခြံတွင် မြေယာပြုပြင်မှုလုပ်ငန်းများနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မည့်အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းလက်တွေ့သရုပ်ပြခြင်းနှင့် ပိုက်ဆန်လျှော်မျိုးစေ့စုပေါင်းကြဲပက်ခြင်းကိုကြည့်ရှုအားပေးသည်။




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် စစ်တွေမြို့နယ် မှန်စီကျေးရွာသွားလမ်းပေါ်၌ တံတားလုပ်ငန်း ဆောင်ရွက်မည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း (မြန်/ဆက်)

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀ိ/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀ိ/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀ိ/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနခွဲ၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
MALTA FRESH
DAGON
ပင်ရင်းအရောင်း – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း – ဖုန်း – ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ကြီးတံခွန်မြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်




စာ - ၆ သို့



## ပြင်ဦးလွင်မြို့နယ်၌ Cherry Trail Run 2026 (Pyin Oo Lwin)ပြိုင်ပွဲကျင်းပ

စာ - ၂၇ သို့

## မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ကျောက်ဆည်ခရိုင်၌ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျောက်ဆည် မေ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၄၆၀၀၀ ကျော် စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ကျောက်ဆည်မြို့နယ်၌ နှမ်း ၁၅၇၂၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၉၃၉၂ ဧကနှင့် မြစ်သားမြို့နယ်၌ ဧက ၂၁၀၅၀ စုစုပေါင်း ၄၆၁၆၄ ဧက စိုက်ပျိုးထားသည်။

အဆိုပါနှမ်းများကို ဖေဖော်ဝါရီလနှင့် မတ်လအတွင်းစိုက်ပျိုးကြပြီး ဧပြီလနှင့် ဇူလိုင်လတို့တွင်ထွက်ပေါ်လေ့ရှိကာ အဓိကအားဖြင့် စာမျက်နှာ ၁၆ ကော်လံ ၁ ➲



## စနေနေ့ဘောလုံးပွဲ ရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| လိဒ် | ၃-၁ | ဘန်လေ |
| ဘရန့်ဖို့ | ၃-၀ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၃-၁ | ဘရိုက်တန် |
| ဝုလ်ဗ် | ၁-၁ | ဆန်းဒါးလန်း |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဂီရိုနာ | ၀-၁ | မာယော့ကာ |
| ဗီလာရီးရဲ | ၅-၁ | လီဗန်တေး |
| ဗလင်စီယာ | ၀-၂ | အက်သလက်တီကို |

**ဂျာမန်ဘွန်ဒက်လီဂါ**

| | | |
|---|---|---|
| ဘိုင်ယန် | ၃-၃ | ဟိုက်ဒန်ဟိမ်း |
| ဟော့ဖန်ဟိမ်း | ၃-၃ | စတုဂတ် |
| ဝဒါဘရီမင် | ၁-၃ | အော့စ်ဘတ် |

## ထူးခြားသည့်နေ့အပူချိန်များ

၂-၅-၂၀၂၆

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကော့ကရိတ် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ညောင်လေးပင် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | | | | |
| မင်းဘူး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | သာယာဝတီ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ရွှေကျင် | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် | ချောက် | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

## Pyin Oo Lwin Junior Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

စာ - ၁၂ သို့

## မြန်မာ့မျိုးရင်း ရေချိုပုစွန်တုပ်ကြီးကို အောင်မြင်စွာသားဖောက်မွေးမြူထုတ်လုပ်

စာ - ၂၂ သို့

